မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းကြည့်ရှု

လမ်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ကတ္တရာလမ်းအဆင့်ဖော်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်သည့်ကာလ

အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတော်ကြီးများကို ထူထောင်နိုင်သော ကာလများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်သည့် ကာလများဖြစ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများသည်လည်း အထူးပင် ရှင်သန်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလ၊ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်သည့် ကာလများတွင်မူ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပင် ထိပါးစော်ကားခံခဲ့ရသည်များ ရှိခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

တပ်မတော်အစိုးရလက်ထက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော

ပြည်ထောင်စုပန်းခင်းကြီးထဲက သာစွဌာနေ ရာမညမြေ

သတင်းဆောင်းပါး
မောင်မောင်ထွေး (သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်းနှင့် သာဘဏ် (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင် (မြန်မာ့အလင်း)

ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအသီးသီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် လမ်း၊ တံတားများ တည်ဆောက်ပေးမှုကို နိုင်ငံတော်က မွန်မြတ်သောစေတနာဖြင့် နိုင်ငံအနှံ့ မြစ်ကူးတံတားကြီးများ လက်ယှက်ထိုး တည်ဆောက်ပေးခဲ့ရာတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ဝေါမြို့နယ်တို့အကြား ပေါင်းကူးဆက်သွယ်ပေးထားသည့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတား(မုပ္ပလင်)ကလည်း မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို မြှင့်တင်ရာတွင် ပါဝင်သယ်ပိုးလျက်ရှိနေသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၈

တပ်မတော်အစိုးရလက်ထက်တွင် ဒေသတည်ငြိမ်အေးချမ်းမှုနှင့်အတူ ဘက်စုံဖွံ့ဖြိုးတိုးတက်ရာ သာစွဌာနေ ရာမညမြေသို့ ဟေမန္တဆောင်းလရာသီ၏ ညနေချမ်းချိန်ဝယ် ကျွန်တော်တို့ သတင်းအဖွဲ့ ရောက်ရှိခဲ့ကြပြန်ပါသည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသို့ ခရီးဆန့်မိပါမှ **"တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်"** ဟူသည့် ဆောင်ပုဒ်ကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက် ခံစားမိရပါ၏။

စာမျက်နှာ ၆ ကော်လံ ၁ ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၉ ရက်)

ကြက်ငှက်တုပ်ကွေးရောဂါကျန်းမာရေးအသိဖြင့် ကြိုတင်ကာကွယ်

ယခုအခါ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော နိုင်ငံပေါင်း ၆၁နိုင်ငံရှိသည်။ ထိုရောဂါသည် အသက်အန္တရာယ်ပေးနိုင်သောရောဂါဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် ဆောင်းခိုငှက်များမှတစ်ဆင့်သော်လည်းကောင်း၊ ကြက်၊ ဘဲ၊ ငှက်၊ စာကလေးတို့မှ တစ်ဆင့်သော်လည်းကောင်း၊ ကြက်၊ ဘဲများသယ်ဆောင်လာသော ယာဉ်များမှသော်လည်းကောင်း၊ ကြက်ခြံအတွင်း ဝင်ထွက်သူများမှသော်လည်းကောင်း ကူးစက်ဖြစ်ပွားစေနိုင်သည်။

တိုက်ရိုက် ကူးစက်မှုအဖြစ် ဆောင်းခိုငှက်များပျံသန်းနားနေရာတွင် ကြက်ဘဲများနှင့်ထိတွေ့ခြင်း၊ ငှက်ရိုင်းများလာရောက်ခိုနားသောရေကန်၊ ရေအိုင်များနှင့် ရောဂါရှိသောကြက်ဘဲကို မိမိကြက်ဘဲခြံအတွင်းသို့သွင်းမိခြင်း စသည်ဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကို ရရှိစေနိုင်သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုရှိကြောင်းသိရသည်။ ၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) လူသို့ကူးစက်မှု ၄၇၁ဦးရှိခဲ့ပြီး ၂၈၂ဦး သေဆုံးခဲ့ရသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် အမျိုးအစားအေ ဗီဇရှိသည့် တုပ်ကွေးဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသောကြက်ငှက်များ၏ ကူးစက်ရောဂါဖြစ်သည်။ ပထမအဆင့်တွင် ရောဂါလက္ခဏာမှာ သိမ်မွေ့ညင်သာသည့်အတွက် ရောဂါရှိနေမှန်း သတိမထားမိဖြစ်တတ်သည်။ ရောဂါဖြစ်ပွားမှုနှုန်းထား မြင့်မားသော ဗိုင်းရပ်စ်ပိုးအဖြစ်သို့ဗီဇပြောင်းပြီး ဆေးပညာအခေါ်အရ (H5N1) ရောဂါအမည်ရ ကြက်ငှက်တုပ်ကွေးအဖြစ် တိရစ္ဆာန်များကို သေကျေပျက်စီးစေသည်။

ယင်းရောဂါ လူတွင်ဖြစ်ပွားသောလက္ခဏာများမှာ ကိုယ်အပူချိန် ၃၈ဒီဂရီ ဆဲလ်ဆီးယပ်စ်ထက်ပို၍ အဖျားကြီးခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ အပြင်းအထန်ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းစသည်ဖြင့် လူတို့တွင်ဖြစ်သော သာမန်တုပ်ကွေးရောဂါနှင့် ဆင်တူသည်။ အချို့သောလူနာများတွင် ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်နာခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှာခေါင်းနှင့် သွားဖုံးများမှ သွေးယိုခြင်း စသည့် လက္ခဏာများပြတတ်သည်။

သို့ဖြစ်ပါ၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမဖြစ်ပွားရန်အတွက် သက်ဆိုင်ရာမှ ထုတ်ပြန်သော ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို ပြည်သူများက အလေးဂရုပြု လိုက်နာကြပြီး ကျန်းမာရေးသတိဖြင့် ကာကွယ်တားဆီးသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
၁၀-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၆) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၆၈) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (လိုင်ငှားဘွမ်မှာပြန်ဆုံမယ်)
၁၂း၄၅ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဓာတုဗေဒ) စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးရံ့ပတူရွက်သုပ်+ ငံပြာရည်ကြော်နဲ့ ဒန့်သလွန်သီးငါးရံ့ချဉ်ရည်)
၁၇း၁၀ Current Song(9)
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ဖွံ့ဖြိုးဝေစည်တို့မြန်ပြည်(ရှမ်း) တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၃၆)
၁၈း၂၀ ကျေးလက်ဇာတ်လမ်း (ကျေးဇူးတင်ပါတယ်ရေဒီယို)
၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (အကယ်ဒမီအောင်လွှင်)
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (ကိုယ်ဝန်ဆောင်မိခင်) လူမှုရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

အကြီးစားကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံတည်ဆောက်မှု

အမှတ်(၂) စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းသည် ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းတွင် မကွေးစက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အကြီးစားကုန်တင်ယာဉ် ထုတ်လုပ်မှု စက်ရုံတည်ဆောက် ပြီးစီးမှုနှင့် Transmission Plant တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက ပြည်ပမှ စက်များရောက်ရှိက အမြန်ဆုံးတပ်ဆင်နိုင်ရေးနှင့် ငွေကြေးသုံးစွဲမှုများ စနစ်တကျရှိရေး၊ ထုတ်လုပ်မှုတိုက်ရိုက်ဆက်စပ်သော ကိစ္စရပ်များတွင် ထိရောက်စွာသုံးစွဲရေး၊ လေလွင့်ပြုန်းတီးမှု လျော့နည်းစေရေးတို့ကို မှာကြားပြီး စက်ရုံတည်ဆောက်မှုအခြေအနေနှင့် စက်မှုသင်တန်းကျောင်း (မကွေး) တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယာဉ်စက်ယန္တရားများဖြင့် မြို့နယ်အားကစားကွင်း တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇေလှ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အောင်မြေသာစံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ ရွေးချယ်တင်မြှောက်

မန္တလေး ဖေဖော်ဝါရီ ၈

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ၁၇ရက်က ကမ်းနားလမ်း မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(အပေါ်ပုံ)

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးလှဘော်တို့ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အမှုဆောင်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း ရှေ့လုပ်ငန်းစဉ်များကို အဖွဲ့ဝင် ဦးအောင်မင်းဦး (မင်းမင်း-မန္တလေး)မှ ဖတ်ကြားပြီး တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဒုတိယပိုင်းကျင်းပရာ နာယက ဦးထွန်းရှိန်(နတ်မောက်ထွန်းရှိန်)၊ ဦးလှဘော် (မအူပင်လှဘော်)၊ ဥက္ကဋ္ဌ ဦးထွဋ်းလှအောင်(မိုးဇော်အောင်-မန္တလေး)၊ အတွင်းရေးမှူး ဦးမော်စန်း (မြောက်ပြင်တော်က ကိုရွှေမော်)၊ ဘဏ္ဍာရေးမှူး ဦးငွေအောင် (ငွေအောင်-မန်းတက္ကသိုလ်)နှင့် အဖွဲ့ဝင် နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ရွေးချယ်

ထို့နောက် ရွေးချယ်ခြင်းခံရသော အမှုဆောင်များမှ ကတိသစ္စာခံယူကြပြီး ဥက္ကဋ္ဌ ဦးထွဋ်းလှအောင် (မိုးဇော်အောင်-မန္တလေး) က မိတ်ဆက်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ညီလာခံ ကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးထွဋ်းလှအောင်အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

(၀၉၀)

အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ Nippon Paint သုတ်ဆေးများ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ခင်းကျင်းပြသသည့် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀တွင် Client Focus Technology Group Co.,Ltd.(CFTG) က တင်သွင်းသော Energy Saving Products များဖြစ်သည့် Nippon Paint သုတ်ဆေးများ၊ MK နှင့် FYM Electrical Accessories များကို ခင်းကျင်းပြသခဲ့သည်။

ကာကွယ်နိုင်

Nippon Paint က Sola Reflect Paint ကို တစ်နှစ်ပတ်လုံး ပူပြင်းစွတ်စိုသော ရာသီဥတုရှိသည့် နိုင်ငံများအတွက် ရည်ရွယ်ထုတ်လုပ်ထားပြီး ယင်းသုတ်ဆေးကို အဆောက်အအုံ၏ အပြင်ဘက်နံရံတွင် သုတ်ထားပါက အဆောက်အအုံ၏ အပူချိန်မှာ ပြင်ပအပူချိန်ထက် ၅ဒီဂရီC (၄၀ဒီဂရီF) အထိ လျော့နည်းစေပြီး အပူဒဏ်ကို ကာကွယ်ပေးနိုင်သည်။

ပူပြင်းသော နွေရာသီတွင် အေးမြသောအိမ်ဖြစ်စေရန် Sola Reflect Paint ကို သုတ်ခြင်းဖြင့် လေအေးပေးစက်နှင့် ပန်ကာများအတွက် သုံးစွဲရသော လျှပ်စစ်ဓာတ်အားကို လျော့နည်းသက်သာစေပြီး ငါးနှစ်အထိ up to ၅ဒီဂရီC အထိ အေးမြစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ အရောင်မလွင့်ခြင်း၊ မှိုနှင့် ရေညှိတက်ခြင်းတို့မှ ကာကွယ်နိုင်ကာ ကျန်းမာရေးအတွက် အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ မပါဝင်ပေ။ ထို့အပြင် Industrial Coating (Epoxy, Heat Resistant Paint) Marine Paint Decorative Paint တို့ကိုလည်း ပြသခဲ့သည်။

MK Electrical Accessories ပြခန်းတွင် Ex-Or Innovatire Lighting Control Systems ကို မိတ်ဆက်ပြသထားပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ၇၀ရာခိုင်နှုန်းအထိ သက်သာစေကြောင်း သိရသည်။ FYM Electrical Accessories ပြခန်းတွင် မီးခလုပ်အမျိုးမျိုး၊ Weathershield IP related for Outdoor use Hotel သုံး Keycard Activated Energy Saving Unit များ ပြသထားပြီး 12 year Warranty Product များဖြစ်သည်။ အဆိုပါပစ္စည်းများကို Client Focus Technology Group Co.,Ltd. (CFTG) အရောင်းပြခန်း အမှတ် (7D) ပြည်လမ်း(IBC အနီး) ဗဟိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၃၄၁၉၊ ၀၉-၈၆-၁၁၀၁၀နှင့် ၀၉-၉၉-၂၅၇၀၇၊ e-mail:cftg @myanmar.com.mm တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အထက(၁)တာမွေ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ကျောင်းရှိ ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်စဉ်ကန်တော့ပွဲသို့ တက်ရောက်ခဲ့ကြသော ဆရာ ဆရာမကြီးများ၊ ၁၉၉၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၅၅)နှစ်ပြည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဒေါက်တာသိန်းစိုး ဖုန်း-၀၉-၅၀-၂၂၄၁၂၊ ကိုသက်နိုင်၊ မမီမီစိုး ဖုန်း-၀၉-၅၁-၆၃၀၀၆၊ ကိုအောင်ကြည် ဖုန်း-၀၉-၅၀-၁၃၃၂၂၊ မမြတ်မြတ်ခိုင် ဖုန်း-၅၄၀၃၄၂၊ မမာလာ ဖုန်း- ၂၉၀၁၂၁၊ ကိုမောင်မောင်ကြည် ဖုန်း- ၅၅၄၈၄၃၊ ကိုခင်မောင်သောင်း ဖုန်း-၀၉-၅၀-၇၁၇၃၄၊ မမြင့်မြင့်ရီ ဖုန်း-၀၉-၅၀-၁၉၁၅၈၊ မခင်ခင်သန်း ဖုန်း-၅၆၄၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ထို့နောက် တာဝန်ရှိသူက လမ်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လမ်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ကတ္တရာလမ်းအဆင့်ထိ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဗိုလ်မြတ်ထွန်းတံတား ပုသိမ်ဘက်ကမ်းရှိ တံတားချဉ်းကပ်လမ်း လမ်းသားမြှင့်တင် ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကာ ရေလယ်တိုင် (P-19) နှင့် (P-20) တို့ ဘိုးပိုင်တူးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာ၌ နေကြာနှင့်မတ်ပဲ သီးညှပ်စိုက်ခင်းကို လည်းကောင်း၊ ရွှေညောင်နှစ်ပင်အထွက်တိုးမျိုးသန့် စိုက်ပျိုးရေးခြံ၌ နွေစပါးမျိုးများနှင့် နေကြာမျိုးများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ်(၆၆/၃)နှင့် (၆၆/၄)အကြား လမ်းသားမြှင့်တင် ကတ္တရာခင်းကျင်းနေမှုနှင့် ငါးသိုင်းချောင်းမြို့နယ် ရေနံ့သာကျေးရွာအနီး မိုင်တိုင်အမှတ်(၆/၂)နှင့် (၆/၃)အကြား ရေနံ့သာလမ်းဆုံ၌ ပုသိမ်-မုံရွာလမ်းတိုးချဲ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရေကြည်မြို့နယ် ကုန်းပြင်စံပြကျေးရွာ သီတာကုန်းပြင် တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်းသို့ရောက်ရှိပြီး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် အတူ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား တွေ့ဆုံသည်။

လိုက်လံနှုတ်ဆက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် တည်းခိုဆောင်၌ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပြည်နယ်နှင့် တိုင်းတစ်ခုချင်းအလိုက် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် ကျန်းမာရေးဆပ်ကော်မတီ၏ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးခန်းတို့ကိုလည်းကောင်း၊ နေရာချထားရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာပို့တိုက်လုပ်ငန်းဌာနကိုလည်းကောင်း၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၏ စားရိပ်သာ၌ ကိုယ်စားလှယ်များ ညနေစာ စားသုံးနေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာ၌ နေကြာ၊ မတ်ပဲ သီးညှပ်စိုက်ခင်းကို **ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ပါကေးကြမ်းခင်း သင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်မည့် မြန်မာ့နည်းပညာနှင့် အပြည်ပြည်ဆိုင်ရာ ကြမ်းခင်းခြင်းနည်းပညာတို့ ပါဝင်သော ပါကေးကြမ်းခင်းခြင်း သင်တန်းကို ဖေဖော်ဝါရီ၂၂ရက်မှ ၂၅ရက် အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆) ရပ်ကွက် ပင်လုံလမ်းရှိ သစ်အခြေခံနည်းပညာသင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသားများ မည်သူမဆို အသက်အကန့်အသတ်မရှိ တက်ရောက်နိုင်ကြပြီး တက်ရောက်လိုပါက ဖေဖော်ဝါရီ ၁၈ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀နှင့် သစ်အခြေခံ နည်းပညာသင်တန်းကျောင်း ဖုန်း-၅၈၁၃၇၀တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား စွမ်းအင်ဝန်ကြီးဌာနနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar မှ Exploration & Production Director, Mr.Jean-Marie Guillermou နှင့်အဖွဲ့သည် ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ လျှပ်စစ်(၁)ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (ပေါင်းလောင်း)၏ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၈)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဌာန သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ကြာမြင့်မည်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၇ရက်က အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မကွေးစက်မှုနယ်မြေရှိ အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှု စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-စာ ၂) (သတင်းစဉ်)

မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၃၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၆၀)အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားမောင်မယ်များသည် ဖေဖော်ဝါရီ ၁၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၈၁၉၉၁နှင့် ၃၈၁၉၉၂ သိမ်ဖြူတင်းနစ်ကွင်းတို့သို့ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၂-၂၀၁၀
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂိဇယ မင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ အပန်းဖြေလေ့လာ အမျိုးသားကန်တော်ကြီး ဥယျာဉ်မှာ
- ၈:၃၀ ၉။ (၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ **စီးဆင်းပါစေ မေတ္တာရည်**

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ **မြို့ကြီးသားယဉ်ကျေးမှု**
- ၄:၄၅ ၅။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၅၅ ၆။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
- ၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၅ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၅:၄၀ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၅:၅၀ ၁၀။ (၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ဆိုလိုက်ကြစို့
- ၆:၅၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၃၃)
- ၇:၄၅ ၁၅။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၂၄)
- ၂၀။ **ရုပ်ရှင်ပဟေဠိ**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် အလျှော့ပေးမည့်လက္ခဏာမတွေ့ရသေး

မြူးနစ် (ဂျာမနီ) ဖေဖော်ဝါရီ ၈

အီရန်နိုင်ငံအနေဖြင့် ယင်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အလျှော့ပေးမည့်လက္ခဏာကို မိမိတို့မတွေ့ရကြောင်း၊ အီရန်နိုင်ငံကို ဖိအားပေးမှုများ တိုးမြှင့်ပြုလုပ်သွားရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့က ဖေဖော်ဝါရီ ၆ရက်တွင် ပြောကြားလိုက်စဉ်မှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပိတ်ပင်အရေးယူမှုအသစ် ထပ်မံပြုလုပ်ရန် သတိပေးပြောကြားလိုက်သည်။

ပြောကြား

အီရန်နိုင်ငံသည် အနောက်အုပ်စုနိုင်ငံများ၏စိုးရိမ်ပူပန်မှုကို အလေးဂရုပြုရန် ပျက်ကွက်ကြောင်း၊ အလေးမထားကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ပြောကြားသည်။

စိုးရိမ်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ ထိပ်တန်းအရာရှိများသည် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်မှုဆီသို့ ပြောင်းလဲသွားမည်ကို အနောက်အုပ်စုနိုင်ငံများက စိုးရိမ်ကြောင့်ကြနေသည့် ယူရေနီယံ သန့်စင်ရေးအစီအစဉ်ကို ရပ်တန့်ရန် အီရန်နိုင်ငံအား မည်သို့မည်ပုံကိုင်တွယ်မည်ဆိုသည့်ကိစ္စကို ဆွေးနွေးရန် ဖေဖော်ဝါရီ ၅ရက်က ကျင်းပသော မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ဖူကျိုမြို့၌ကျင်းပမည့် နွေဦးရာသီပွဲတော်အတွက် နဂါးမီးအိမ်ကြီးပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဖဂန်နစ္စတန် တိုးတက်ဖြစ်ပေါ်မှုများ အီတလီဝန်ကြီးချုပ်နှင့် ရောဘတ်ဂိတ်တို့ဆွေးနွေး

ရောမ ဖေဖော်ဝါရီ ၈

အီတလီဝန်ကြီးချုပ် ဆီလ်ဗီယိုဘာလူစကိုနီသည် ရောမမြို့၌ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်နှင့် ဖေဖော်ဝါရီ ၆ရက်က လက်ခံတွေ့ဆုံကာ အာဖဂန်နစ္စတန်နှင့် အခြားအရေးကြီးကိစ္စရပ်များကို ဆွေးနွေးသည်ဟု သတင်းရရှိသည်။

အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက ယင်းအရှေ့အလယ်ပိုင်းသို့ မကြာသေးမီက သွားရောက်လည်ပတ်ခဲ့သည့်ခရီးမှ ရရှိလာသည့် ရလဒ်များကို ရောဘတ်ဂိတ်အားပြောပြပြီး အီရန်နိုင်ငံအရေးနှင့်ပတ်သက်၍ အီတလီနိုင်ငံကထားရှိသော သဘောထား ရပ်တည်ချက်ကိုလည်း ထပ်လောင်းအသိပေးသည်ဟု အီတလီအစိုးရက ထုတ်ပြန်ကြေညာသည်။

ယုံကြည်ကြောင်း

အီရန်နိုင်ငံ၏ သဘောထားရပ်တည်ချက်ပြောင်းလဲရန် တွန်းအားပေးနိုင်ရေးအတွက် အီရန်နိုင်ငံအပေါ် ဖိအားများတိုး ပေးသင့်သည်ဟု အီတလီနိုင်ငံက ယူဆထားကြောင်း၊ နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းရေးလုပ်ငန်းများတွင် အီတလီနိုင်ငံ၏ ဆောင်ရွက်မှု အခန်းကဏ္ဍကိုရောဘတ်ဂိတ်က ချီးကျူးပြောကြားကြောင်း၊ အီတလီဝန်ကြီးချုပ်က အာဖဂန်နစ္စတန်တွင် နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများနှင့် ပတ်သက်၍လည်း ရောဘတ်ဂိတ်အား ပြောကြားကြောင်းသိရသည်။ (အင်တာနက်)

လော့စ်အိန်ဂျလိစ်၌ မိုးသည်းထန်ပြီးမြေပြို

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် မြို့မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၆ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုသဖြင့် နေအိမ်အများအပြား ပျက်စီးသွားကြောင်း၊ ဒေသခံပြည်သူ ၅၀၀ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ယင်းမြေပြိုမှုအတွင်း သေကျေဒဏ်ရာ ရရှိသူမရှိကြောင်း သိရသည်။ (အင်တာနက်)

ပါကစ္စတန်၌ ဗုံးပေါက်ကွဲ ဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိ

ကွက်တာ ဖေဖော်ဝါရီ ၈

ပါကစ္စတန်နိုင်ငံ ဘလူချစ္စတန်ပြည်နယ်ကွက်တာမြို့၌ ဖေဖော်ဝါရီ ၆ ရက်က လုံခြုံရေးတပ်ဖွဲ့ယာဉ်တန်းကို ပစ်မှတ်ထားကာအဝေးထိန်းခလုတ်ဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် ဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါဗုံးကို မော်တော်ဆိုင်ကယ်တွင် အဝေးထိန်းခလုတ်ဖြင့်တပ်ဆင်ကာ ဖောက်ခွဲခဲ့ခြင်း(**အောက်ပုံ**)ဖြစ်ပြီး မည်သူ့လက်ချက်ဖြစ်သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်နှစ်အတွင်းမှစတင်၍ အကြမ်းဖက်မှုများ အရှိန်မြင့်တက်လာခဲ့ပြီး ဗုံးပေါက်ကွဲမှုများကြောင့် လူ၃၀၀၀နီးပါး သေကျေခဲ့ကြကာ နိုင်ငံအနှံ့ အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသည်။ (အင်တာနက်)

စင်ကာပူနိုင်ငံ၌ကျင်းပသည့် လေကြောင်းပြပွဲတွင် ကြည့်ရှုလေ့လာဓာတ်ပုံရိုက်ကူးနေကြသူများအား ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နီပေါနိုင်ငံ၏ မဟာဗျူဟာမြောက် လူဦးရေအစီအစဉ်အတည်ပြု

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၈

နီပေါအစိုးရ ကျန်းမာရေးနှင့် လူဦးရေရေးရာဝန်ကြီးဌာနသည် လာမည့်နှစ်၂၀အတွက် နီပေါနိုင်ငံ၏ အရေးပါသော လူဦးရေဆိုင်ရာ အစီအစဉ်သစ်ကို လက်မှတ်ရေးထိုး ထောက်ခံအတည်ပြုလိုက်ပြီဖြစ်သည်ဟု နီပေါမီဒီယာက ဖေဖော်ဝါရီ ၇ရက်တွင် ဖော်ပြသည်။

ပြန်လည်ရှင်သန်လာ

နီပေါနိုင်ငံ အမျိုးသားလူဦးရေ ကော်မတီသည် အဆိုပါ လူဦးရေဆိုင်ရာ အစီအစဉ်သစ်မူကြမ်းရေးဆွဲနိုင်ရေးအတွက် ပြန်လည်ရှင်သန်လာအောင် ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်ကြောင်းဖြင့်လည်း နီပေါသတင်းစာ ဟီမာလီယန်တိုင်းမ်က ဖော်ပြသည်။

နီပေါနိုင်ငံကျန်းမာရေးနှင့် လူဦးရေရေးရာဝန်ကြီးဌာန လူဦးရေဌာနခွဲ တွဲဖက်အတွင်းဝန်၏ ပြောကြားချက်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါလူဦးရေဆိုင်ရာ အစီအစဉ်သစ်၏ လုပ်ငန်းအစီအစဉ်မူကြမ်းကို မတ်လအလယ်ပိုင်းတွင် နီပေါအစိုးရအဖွဲ့သို့ တင်ပြမည်ဟုလည်း သိရသည်။ (အင်တာနက်)

အမေရိကန်၌ ဓာတ်အားပေးစက်ရုံပေါက်ကွဲမှုဖြစ်ပွား

မစ်ဒယ်လ်တောင်း ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ် မစ်ဒယ်လ်တောင်းမြို့၌ ဖေဖော်ဝါရီ ၇ရက်က ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိကြောင်း ဒေသတွင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ (**အောက်ပုံ**)

သေဆုံးဒဏ်ရာရရှိသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားချိန်၌ ဓာတ်အားပေးစက်ရုံအတွင်း တည်ဆောက်ရေးလုပ်သား မည်မျှရှိသည်ကို အတိအကျမသိရှိရသေး၍ဖြစ်ကြောင်း မစ်ဒယ်လ်တောင်း မြို့တော်ဝန် ဆီဘာ စတိန်းဂူလာနိုက ပြောကြားသည်။

ဖြစ်ပွား

ယင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားများကိုစတင်ထုတ်လွှတ်ခြင်းမပြုမီ စမ်းသပ်စဉ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရိုမေးနီးယား၌ဒုံးပျံကာကွယ်ရေးစနစ်ချထားရေး ရုရှား စိုးရိမ်ပူပန်နေဟုဆို

မော်စကို ဖေဖော်ဝါရီ ၈

ရုရှားအစိုးရသည် ရိုမေးနီးယားနိုင်ငံတွင် ဒုံးပျံကာကွယ်ရေး စနစ်၏ အခြေခံအစိတ်အပိုင်းများ ဖြန့်ကြက်ထားရန် အမေရိကန်နိုင်ငံ၏ အစီအစဉ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေကြောင်း ရုရှားအဆင့်မြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဖေဖော်ဝါရီ ၆ရက်တွင် ပြောကြားသည်။

ထောက်ခံ

မိမိတို့ ရိုမေးနီးယားနိုင်ငံသည် ဥရောပကိုကာကွယ်မည့် ဒုံးပျံတံတိုင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ကြားဖြတ်ဒုံးကျည်များ ချထားရေးအစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် ဆွေးနွေးခြင်းကို ထောက်ခံကြောင်း ရိုမေးနီးယားသမ္မတ တရိုန်းဘာဆက်စကူးက ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ ယင်းအစီအစဉ်များသည် ဥရောပလုံခြုံရေး ဗိသုကာပုံစံကို ထိခိုက်စေနိုင်ရုံသာမက နောင်ပြုလုပ်မည့် ရုရှား-အမေရိကန်မဟာဗျူဟာ လက်နက်လျှော့ချရေး သဘောတူစာချုပ်ချုပ်ဆိုရေးဆိုင်ရာ ဆွေးနွေးပွဲကိုလည်း ထိခိုက်စေလိမ့်မည်ဟု ရုရှားအောက်လွှတ်တော်ကာကွယ်ရေးကော်မတီ အကြီးအကဲ ဗစ်တာဇာဗာဇင်က ဖေဖော်ဝါရီ၆ရက်တွင် ပြောကြားသည်။

စောင့်စားနေ

ရုရှားအစိုးရသည် ရိုမေးနီးယားနိုင်ငံတွင် ဒုံးကျည်ကာကွယ်ရေးဆိုင်ရာ အခြေခံအစိတ်အပိုင်းများချထားမည့် အမေရိကန်နိုင်ငံ၏ အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ ရှင်းလင်းချက်ကို စောင့်စားနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးကလည်း ဖေဖော်ဝါရီ ၅ရက်စောစောပိုင်းက ပြောကြားသည်။ (အင်တာနက်)

လေယာဉ်ငယ် နှစ်စင်းတိုက်မိ ခရီးသည် သုံးဦး သေဆုံး

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် ဖေဖော်ဝါရီ ၆ ရက်က အသေးစားလေယာဉ်နှစ်စင်းတိုက်မိရာ သုံးဦးထက်မနည်းသေဆုံးသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

သေဆုံးသူသုံးဦးသည် အဆိုပါလေယာဉ်နှစ်စင်းတွင် လိုက်ပါလာကြသူများဖြစ်သည်ဟု ဘိုလ်ဒါစီရင်စုအုပ်ချုပ်ရေးရုံးမှ ပြောခွင့်ရပုဂ္ဂိုလ် ရစ်ဘရိုးက ပြောကြားသည်။

လေယာဉ်နှစ်စင်းပေါ်တွင် လိုက်ပါလာသည့်ခရီးသည်ဦးရေ မည်ရွေ့မည်မျှရှိသည်ကိုမူ လောလောဆယ် မသိရသေးဘဲရှိသည်။ (အင်တာနက်)

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

နိုင်ငံပေါင်းချုပ်အသင်းကြီး

၁၉၁၉-၁၉၄၆

တိုး
ရေးသားသည်

မျက်မှောက်ကာလ ကုလသမဂ္ဂအဖွဲ့ကြီးကဲ့သို့ပင် နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် တစ်ချိန်က နိုင်ငံပေါင်းချုပ်အသင်းကြီး ရပ်တည်ခဲ့သည်။

၂၀ရာစုအစတွင် ဥရောပအင်အားကြီး နိုင်ငံများအကြား မဟာမိတ်များဖွဲ့စည်း ရာမှ အုပ်စုနှစ်စု ပေါ်ပေါက်လာရသည်။ ယင်းသို့ မဟာမိတ်များဖွဲ့စည်းလာခြင်း ဖြင့် ၁၉၁၄ခုနှစ်၌ ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်လာပြီး ဥရောပအင်အားကြီး နိုင်ငံများကို စစ်ထဲဆွဲသွင်းလိုက်သည်။ ဤသည်မှာ ဥရောပ စက်မှုနိုင်ငံများ အကြား ပထမဆုံးစစ်ပွဲကြီးဖြစ်ပြီး စက်မှု လုပ်ငန်းထွန်းကားလာမှုကြောင့် အပြိုင် အဆိုင်ရှိရာမှ စစ်ပွဲကိုဦးတည်လာခြင်းမှာ လည်း အနောက်ဥရောပတွင် ဤအကြိမ် သည် ပထမဆုံးပင်ဖြစ်သည်။

အစားထိုးမရ

ဤ ပထမကမ္ဘာစစ်ကြီးကြောင့် လက်နက်ကိုင်တပ်ဖွဲ့ဝင် ရှစ်သန်းခွဲ သေ ဆုံးပြီး ၂၁ သန်းဒဏ်ရာရကာ အရပ်သား ၁၀သန်းမျှ သေဆုံးရခြင်းမှာ မကြုံဖူး သည့် ထိခိုက်သေဆုံးမှုပမာဏဖြစ်သည်။ ၁၉၁၈ခုနှစ် နိုဝင်ဘာလတွင် တိုက်ပွဲ အဆုံးသတ်သွားသောအခါ စစ်ပွဲကြောင့် ဥရောပတိုက်၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးစနစ်များအပေါ် ရိုက်ခတ်မှုမှာ အထိနာရကြောင်း တွေ့ရှိလာရသည်။ ပထမကမ္ဘာစစ်ကြီးကြောင့် လူ့အသက် များစွာ သေဆုံး၊ စတေးခံရမှု အပြင် ရုပ်ဝတ္ထုပစ္စည်းများ၊ အထူးသဖြင့် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ ဆုံးရှုံး မှု အစားထိုးမရခြင်းက အထူးဝမ်းနည်း ဖွယ်ဖြစ်စေသည်။

ထူထောင်

သို့ဖြင့် ကမ္ဘာတစ်ဝန်းတွင် စစ်ဆန့် ကျင်ရေးခံယူချက်များ ပြင်းထန်လာသည်။ ပထမကမ္ဘာစစ်ကြီးကို စစ်ပွဲအားလုံးချုပ် ငြိမ်းစေသည့်စစ်အဖြစ် သတ်မှတ်ကြွေး ကြော်လိုက်သည်။ စစ်ဖြစ်မည့် ဖြစ်နိုင်ခြေ များကိုဆန်းစစ်သောအခါ လက်နက် အပြိုင်တပ်ဆင်မှု၊ မဟာမိတ်ဖွဲ့မှု၊ လျှို့ ဝှက် သံခင်းတမန်ခင်းစီမံမှု၊ အချုပ်အခြာ အာဏာပိုင်နိုင်ငံများက ကိုယ်ကျိုးကို မျှော်တွေးကာ စစ်ပွဲအတွင်း လွတ်လပ်စွာ ဝင်ရောက်မှုတို့ကို တွေ့လာရသည်။ ထိုထိုသော အန္တရာယ်များအတွက် ကုထုံး အဖြစ် လက်နက်ဖျက်သိမ်းရေး၊ ပွင့်ပွင့် လင်းလင်း သံတမန်ဆက်သွယ်မှု၊ နိုင်ငံ တကာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ကျင့် သုံးကာ နောက်ထပ်ကမ္ဘာစစ်ကြီးမဖြစ် ရေးအတွက်ကာကွယ်နိုင်မည့် နိုင်ငံတကာ အဖွဲ့အစည်းကြီးတစ်ရပ် ထူထောင်ရန် လိုအပ်ကြောင်း တွေ့ရှိသည်။

ပထမကမ္ဘာစစ်ကြီးအပြီး ထာဝစဉ် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကျင်းပသော ပါရီငြိမ်းချမ်းရေးညီလာခံက ၁၉၁၉ခုနှစ် ဇန်နဝါရီလ ၂၅ရက်တွင် နိုင်ငံပေါင်းချုပ် အသင်းကြီးထူထောင်ရေး အဆိုပြုချက်ကို အတည်ပြုလိုက်သည်။ နိုင်ငံပေါင်းချုပ် အသင်းကြီး၏ ပဋိညာဉ်စာချုပ်ကို အထူး ကော်မရှင်တစ်ရပ်က ရေးဆွဲလိုက်ပြီး ဗာဆိုင်းစာချုပ်ပထမပိုင်းအရ နိုင်ငံပေါင်း ချုပ်အသင်းကြီးကို ဖွဲ့စည်းထူထောင်လိုက် သည်။

ဝင်ရောက်

နိုင်ငံပေါင်းချုပ်အသင်းကြီးကို စတင် တည်ထောင်သည့် အဖွဲ့ဝင်နိုင်ငံ ၄၂ နိုင်ငံ ရှိသည်။ ထိုနှစ်တွင် နောက်ထပ်ခြောက် နိုင်ငံဝင်ရောက်သည်။ နောက်နှစ်များအတွင်း ၁၅နိုင်ငံ အသင်းကြီးသို့ဝင်ရောက်ကြသည်။ သို့သော် အသင်းကြီးမှ အခါအားလျော်စွာ ထွက်ကြသည့် နိုင်ငံများရှိသည့်အတွက် အဖွဲ့ဝင်အများဆုံးရှိသည့် အချိန်မှာ ၁၉၃၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နှင့် ၁၉၃၅ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်အတွင်းဖြစ်ပြီး အဖွဲ့ဝင် ၅၈နိုင်ငံရှိသည်။

နောက်ဆုံးလုပ်ရပ်

၁၉၃၃ခုနှစ်တွင် ဂျာမနီနိုင်ငံက နိုင်ငံ ပေါင်းချုပ်အသင်းကြီးမှ ထွက်သွားပြီး နောက် ဂျာမနီကိုရန်မူရန် ဆိုဗီယက်ပြည် ထောင်စုက ၁၉၃၄ခုနှစ် စက်တင်ဘာလ ၁၈ရက်တွင် အဖွဲ့ဝင်ဖြစ်လာသည်။ ဆိုဗီ ယက်ပြည်ထောင်စုက ဖင်လန်နိုင်ငံကို ကျူး ကျော်သည့်အတွက် ၁၉၃၉ခုနှစ် ဒီဇင်ဘာလ ၁၄ရက်တွင် ဆိုဗီယက်ပြည်ထောင်စုကို အသင်းကြီးမှ ထုတ်ပစ်လိုက်သည်။ ယင်းသို့ ထုတ်ပစ်ခြင်းမှာလည်း နိုင်ငံပေါင်းချုပ် အသင်းကြီးသည် ကိုယ်ချမှတ်ထားသည့် စံနှုန်းကို ကိုယ်ကိုယ်တိုင် ချိုးဖောက်ကာ ထုတ်ပယ်ပစ်ခြင်းဖြစ်သည်။ အဖွဲ့ဝင်၁၅ဦး ပါဝင်သည့်ကောင်စီက အများစုဆုံးဖြတ် ချက်ဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ထုတ်ပစ် ရမည်ဖြစ်သော်လည်း အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ထို့ပြင် ဆုံးဖြတ်ချက်မချမီ တစ်ရက်အလိုတွင်မှ အဖွဲ့ဝင်သုံးဦးကို အရေးပေါ်ရွေးချယ်ခြင်း လည်းဖြစ်သည်။ သို့သော် ဒုတိယကမ္ဘာစစ် ကြီးကြောင့် လက်တွေ့လုပ်ငန်းများ မရပ် ဆိုင်းမီ ဆိုဗီယက်ပြည်ထောင်စုအား ထုတ် ပယ်ပစ်ခြင်းမှာ နိုင်ငံပေါင်းချုပ်အသင်း ကြီး၏ နောက်ဆုံးလုပ်ရပ်တစ်ခုဖြစ်သည်။

နိုင်ငံပေါင်းချုပ်အသင်းကြီးတွင် ပင်မ အဖွဲ့အစည်းလေးခုရှိသည်။ (၁)ဂျီနီဗာအခြေ စိုက်လျက် အတွင်းရေးမှူးချုပ်ဦးဆောင်သည့် အတွင်းရေးမှူးချုပ်ရုံး၊ (၂)ကောင်စီ၊ (၃) အထွေထွေညီလာခံ၊ (၄)နိုင်ငံတကာတရား မျှတမှုဆိုင်ရာ အမြဲတမ်းခုံရုံးတို့ဖြစ်သည်။ ထို့ပြင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏အေဂျင် စီများနှင့် ကော်မရှင်များလည်းရှိသေးသည်။

ကူးပြောင်း

နိုင်ငံတကာအရေးတကြီးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ဖွဲ့စည်းထား သော အေဂျင်စီများနှင့် ကော်မရှင်များတွင် လက်နက်ဖျက်သိမ်းရေးကော်မရှင်၊ ကျန်းမာ ရေးအဖွဲ့၊ နိုင်ငံတကာအလုပ်သမားအဖွဲ့၊ ဒေသများအုပ်ချုပ်ပိုင်ခွင့်ကော်မရှင်၊ နိုင်ငံ တကာ ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာကော်မ ရှင်၊ အမြဲတမ်းဗဟိုဘိန်း-ဘုတ်အဖွဲ့၊ ဒုက္ခ သည်များဆိုင်ရာကော်မရှင်၊ ကျွန်စနစ် ကော်မရှင်တို့ ပါဝင်သည်။ ထိုအဖွဲ့အစည်း များအနက် သုံးဖွဲ့မှာ ဒုတိယကမ္ဘာစစ်ကြီး အပြီး ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့စည်းသောအခါ အဓိကအဖွဲ့များအဖြစ် ကူးပြောင်းသွားသည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)၊ နိုင်ငံတကာတရားရုံး(အိုင်စီဂျေ)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို) ဟူ၍ ဖြစ်လာသည်။

တာဝန်ယူ

အတွင်းရေးမှူးချုပ်ရုံး ဝန်ထမ်းများ အနေဖြင့် ကောင်စီနှင့် အထွေထွေညီလာခံ အစည်းအဝေးအစီအစဉ် ရေးဆွဲပြင်ဆင် ပေးခြင်းနှင့် အစည်းအဝေးမှတ်တမ်းများ၊ အခြားသော ပုံမှန်လုပ်ငန်းများနှင့်ပတ်သက် ၍ ရိုက်နှိပ်ထုတ်ဝေပေးရသည့် တာဝန်ကို ယူကြရသည်။ နိုင်ငံပေါင်းချုပ်အသင်းကြီး ၏ စီမံခန့်ခွဲရေးရာအဖြာဖြာကို ကိုင်တွယ် ဖြေရှင်းရန်မှာ အတွင်းရေးမှူးချုပ်ရုံးအနေဖြင့် လေးနှင့်မြား၊ ဝန်နှင့်အားမမျှဖြစ်နေသည်။

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အတွင်း ရေးမှူးချုပ်များမှာ ဆာဂျိမ်းအဲရစ်ဒရန်မွန် (၁၉၂၀-၁၉၃၃)၊ ဂျိုးဇက်အဗီနော (၁၉၃၃-၁၉၄၀)၊ ရှောင်လက်စတာ (၁၉၄၀-၁၉၄၆) တို့ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ နိုင်ငံပေါင်းချုပ်အသင်းကြီး အခြေစိုက်ခဲ့ရာ အဆောက်အအုံ။

ကျင်းပ

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အထွေ ထွေညီလာခံသို့ အဖွဲ့ဝင်နိုင်ငံအားလုံး တက် ရောက်သည်။ ညီလာခံသို့ အဖွဲ့ဝင်နိုင်ငံ တိုင်းမှ ကိုယ်စားလှယ်သုံးဦး စေလွှတ်တက် ရောက်ခွင့်ရှိသည်။ သို့သော် မဲဆန္ဒတစ်မဲသာ ပေးခွင့်ရှိသည်။ ၁၉၂၀ပြည့်နှစ်တွင် ပဏာမ အစည်းအဝေးများကျင်းပပြီးနောက် ဂျီနီဗာ မြို့၌ ကျင်းပသည်။ နှစ်စဉ်စက်တင်ဘာလ တွင် ညီလာခံအစည်းအဝေး စတင်သည်။

အထူးအစည်းအဝေး

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ကောင်စီ တွင် အမြဲတမ်းအဖွဲ့ဝင်လေးနိုင်ငံ (ဗြိတိန်၊ ပြင်သစ်၊ အီတလီနှင့် ဂျပန်)နှင့် အမြဲတမ်း မဟုတ်သောလေးနိုင်ငံကို သုံးနှစ်သက်တမ်း အတွက် အထွေထွေညီလာခံက ရွေးချယ် သည်။ ပထမဆုံး အမြဲတမ်းမဟုတ်သည့် လေးနိုင်ငံမှာ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ ဂရိနှင့် စပိန်နိုင်ငံတို့ဖြစ်ကြသည်။ အမေရိ ကန်နိုင်ငံမှာ ပဉ္စမမြောက် အမြဲတမ်းအဖွဲ့ ဝင်ဖြစ်ရမည်ဖြစ်သော်လည်း အမေရိကန် အထက်လွှတ်တော်က ဗာဆိုင်းစာချုပ်ကို ၁၉၂၀ပြည့်နှစ် မတ်လ၁၉ရက်တွင် အတည် ပြုရန်ငြင်းပယ်သဖြင့် အမေရိကန်နိုင်ငံ အနေဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီးတွင် မဝင်နိုင်အောင်ဖြစ်ရသည်။ ကောင်စီဝင် ဦးရေမှာလည်း နောက်ပိုင်းတွင် တည်ငြိမ်မှု မရှိဘဲ ပြောင်းလဲခဲ့ရသည်။ ပျမ်းမျှအားဖြင့် ကောင်စီ အစည်းအဝေး တစ်နှစ်ငါးကြိမ် ကျင်းပသည်။ လိုအပ်သည့်အခါ အထူး အစည်းအဝေးခေါ်ယူသည်။

သံတမန်ရေးရာ

နိုင်ငံပေါင်းချုပ်အသင်းကြီး၏နောက် ကွယ်မှ သံတမန်ရေးရာအမြင်မှာ အတွေး အခေါ်အားဖြင့် လွန်ခဲ့သောရာစုနှစ်များ ကနှင့် မတူတော့ပေ။

နိုင်ငံပေါင်းချုပ် အသင်းကြီးတွင် ကိုယ်ပိုင်လက်နက်ကိုင်တပ် မရှိသဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရာ၌ လည်းကောင်း၊ စီးပွားရေးအရေးယူ ပိတ်ပင်ရာ၌လည်းကောင်း အင်အားကြီး နိုင်ငံများအပေါ် မှီခိုအားထားနေရသည်ကို တွေ့ရသည်။ ထို့ကြောင့် အင်အားကြီး နိုင်ငံများက မကြာခဏဆိုသလို စိတ်မပါ သလိုလို၊ မလုပ်နိုင်သလိုလိုဖြစ်လာသည်။ နိုင်ငံတကာပြဿနာများကို ကိုင်တွယ် ဖြေရှင်းခဲ့ပါ၏။

သို့သော် နိုင်ငံပေါင်းချုပ်အသင်းကြီး ၏ မူလရည်မှန်းချက်ဖြစ်သော ဤကမ္ဘာ မြေတွင် နောက်ထပ် ကမ္ဘာစစ်ကြီးမဖြစ် ရန် တားဆီးမည့် မဟာစီမံကိန်းကြီးမှာ ဒုတိယကမ္ဘာစစ်ကြီး စတင်လိုက်သော အခါ ပျက်ပြားသွားရသည်။ နိုင်ငံပေါင်း ချုပ်အသင်းကြီးမှာလည်း ၁၉၄၆ခုနှစ် ဧပြီလ ၂၀ရက်တွင် နိဂုံးချုပ်သွားခဲ့ရလေ သည်။ ။

ကိုးကား-အင်တာနက်

၂၀ရာစုအစတွင် ဥရောပအင်အားကြီးနိုင်ငံများအကြား မဟာမိတ်များဖွဲ့စည်းရာမှ အုပ်စုနှစ်စု ပေါ်ပေါက်လာရ၊ ယင်းသို့ မဟာမိတ်များဖွဲ့စည်းလာခြင်းဖြင့် ၁၉၁၄ခုနှစ်၌ ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်လာပြီး ဥရောပအင်အားကြီးနိုင်ငံများကို စစ်ထဲဆွဲသွင်းလိုက်၊ ဤသည်မှာ ဥရောပစက်မှုနိုင်ငံများအကြား ပထမဆုံးစစ်ပွဲကြီးဖြစ်ပြီး စက်မှုလုပ်ငန်းထွန်းကားလာမှုကြောင့် အပြိုင်အဆိုင်ရှိရာမှ စစ်ပွဲကို ဦးတည်လာခြင်းမှာလည်း အနောက်ဥရောပတွင် ဤအကြိမ်သည် ပထမဆုံးပင်ဖြစ်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌနှင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Major General, Anup Kumar Chakma, ndc,psc နှင့် စီးပွားရေးဆိုင်ရာ ကောင်စစ် ဝန် မစ္စတာ MD. Aftabuzzaman တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာ နိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းရုံးသို့ လာရောက်၍ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ဦးမျိုးသူရအေးနှင့် ဦးအောင် ဇော်ဦးတို့အား တွေ့ဆုံပြီး လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Major General, Anup Kumar Chakma, ndc, psc နှင့် စီးပွားရေးဆိုင်ရာ ကောင်စစ်ဝန် မစ္စတာ MD. Aftabuzzaman တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

မြဝတီရုပ်မြင်သံကြား

၉-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လျှပ်တစ်ပြက်
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	အင်္ဂလိပ်စာသုတ
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၂၉)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ပြည်ထောင်စုတစ်ဝန်း ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တိုင်းရင်းသားရင်သွေးငယ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်က ကျောသားရင်သား မခွဲခြားဘဲ စေတနာမေတ္တာကြီးမားစွာဖြင့် အဆင့်မြင့်ပညာရပ်များ သင်ယူတတ်မြောက်စေရန် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာတွင် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်မြက်ထူးချွန်သော လူ့စွမ်းအားအရင်းအမြစ်များ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသော နည်းပညာတက္ကသိုလ် (မော်လမြိုင်)ကလည်း ဤသို့ ကြီးမြတ်သည့် ဂုဏ်ဒြပ်ကိုဆောင်လျက်····။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

❒ *ရွှေဖုံးမှ*

သက်သေပြ

မှန်ပေသည်။ ရာမညမြေသို့ ကရင်ပြည်နယ် ဖွဲ့ကပင်မြေမှတစ်ဆင့် ခရီးဆက်ခဲ့ရာဝယ် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် အတ္တရံတံတားကြီးမှတစ်ဆင့် မော်လမြိုင်မြို့သို့ တစ်နာရီကျော်မျှအတွင်း ရောက်ရှိခဲ့ခြင်းက သက်သေပြနေသည်။

ယခင်ကဆိုပါမူ ရာမညမြေသည် သံလွင်မြစ်မင်း၏ အတားအဆီးကြောင့် နီးလျက်နှင့် ဝေးသယောင် ထင်ရ၏။ အခြားပြည်နယ်၊ တိုင်းများနှင့်လည်း ရေခြားမြေခြား ဖြစ်ခဲ့ရ၏။ ခရီးဖင့်၊ ခရီးထောက်ခဲ့ရ၏။

တပ်မတော်အစိုးရလက်ထက်တွင် လက်ရှိမြန်မာနိုင်ငံ၏ အရှည်ဆုံး မြစ်ကူးတံတားကြီးတစ်စင်းဖြစ်သော အရှည် ၁၁၅၇၅ပေရှိ သံလွင်တံတား(မော်လမြိုင်)ကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်မှ အစပြု၍ မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် သမိုင်းတစ်ခေတ်နှင့်အတူ ပိုမိုဆန်းသစ်ဖွံ့ဖြိုးလာခဲ့ပေသည်။

ချိတ်ဆက်သွားလာနိုင်

၁၉၈၈ ခုနှစ်က ပြည်နယ်အတွင်း ပေ ၁၈၀အထက် တံတားကြီး လေးစင်းသာရှိခဲ့ရာမှ ယခု ၁၆စင်းအထိ ရှိလာခဲ့ချေပြီ။ ၁၉၈၈ ခုနှစ်က ကားလမ်းမိုင် ၄၀၉မိုင်သာရှိခဲ့ရာမှ ယခုအခါ ညီညာပြန့်ပြူးသော ကားလမ်းမိုင် ၄၅၁မိုင်အထိရှိလာပြီး ရထားလမ်းအနေဖြင့်လည်း မွန်ပြည်နယ်မှ ပြည်ထောင်စုတစ်ဝန်းလုံးသို့ ကွန်ရက်ပမာ ချိတ်ဆက်သွားလာနိုင်ပြီဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာဝယ် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ပေသည်။

မွန်ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်က ကြေးနန်းရုံး သုံးရုံးသာရှိခဲ့ရာမှ ယခု ၁၀ရုံး၊ ၁၉၈၈ ခုနှစ်က စာတိုက်စခန်း ၅၈ခုသာရှိခဲ့ရာမှ ယခု ၆၄ခု၊ ၁၉၈၈ ခုနှစ်က တယ်လီဖုန်း ရုံး ၁၁ရုံးသာရှိခဲ့ရာမှ ယခု ၃၃ရုံးအထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ချေပြီ။

လွှမ်းခြုံမိ

မွန်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးမျိုးဆွေက **"Analogue တယ်လီဖုန်းများကို ခေတ်မီ Digital စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က မွန်ပြည်နယ်တစ်ဝန်းလုံး၌ မော်လမြိုင်မြို့ပေါ်၌သာ အော်တိုအိတ်ချိန်းရုံး တစ်ရုံးရှိခဲ့ရာမှ ယခုအခါ ပြည်နယ်အတွင်း အော်တိုအိတ်ချိန်းရုံး ၁၆ရုံးအထိ ရှိလာပြီဖြစ်ကြောင်း၊ ယခုအခါ ကျိုက်မရောမြို့နယ်၌ အော်တိုအိတ်ချိန်းရုံးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပြီးစီးပါက မွန်ပြည်နယ်ရှိ ၁၀မြို့နယ်စလုံးတွင် အော်တိုအိတ်ချိန်းစနစ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မကြာမီကလည်း ပေါင်မြို့နယ်အတွင်းရှိ ပေါင်၊ မုတ္တမ၊ ဇင်းကျိုက် အော်တိုအိတ်ချိန်းရုံးများ ဖွင့်လှစ်ပေးခဲ့၍ ပြည်သူများ အသုံးပြုလျက်ရှိကြောင်း၊ မြန်နှုန်းမြင့် အင်တာနက်စနစ်ဖြစ်သော ADSL စနစ်ကို မော်လမြိုင်နှင့် သထုံမြို့တို့၌ အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ Mobile ဆက်သွယ်စနစ်အဖြစ် မွန်ပြည်နယ်အတွင်း GSM စခန်း သုံးခုရှိပြီး GSM တယ်လီဖုန်းပေါင်း ၃၂၀၀ကျော်ကို အသုံးပြုလျက်ရှိကြောင်း၊ ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေး CDMA စခန်း ခြောက်ခုကို ပြည်နယ်တစ်ဝန်း လွှမ်းခြုံမိစေရန် တည်ဆောက်ထားပြီး CDMA တယ်လီဖုန်းပေါင်း ၇၀၀၀ကျော်နှင့် PCO တယ်လီဖုန်းအလုံး ၅၀၀နီးပါး အသုံးပြုလျက်ရှိကြောင်း"** ပြောကြားပါသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် အမြန်ချောပို့စနစ်နှင့် အမြန်ငွေပို့စနစ်ကို ဝန်ဆောင်မှုပေးလျက်ရှိသော စာတိုက်ရုံးများနှင့် ခေတ်မီ e-Telegram စနစ်ဖြင့် ကြေးနန်းပို့ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ကြေးနန်းရုံးများနှင့် ကွန်ပျူတာ၊ ဖက်စ်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးနေသော ကြေးနန်းရုံးများကိုလည်း သွားရောက်လေ့လာခဲ့ပါသည်။

ဆောင်ရွက်ပေးနိုင်ခဲ့

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့ကို နိုင်ငံတော်က ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းတွင် ထည့်သွင်းစီမံပေးခဲ့ပြီး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်နှင့် ခုတင်(၂၀၀)ဆေးရုံကြီးတို့ကို ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက်သာမက ပြည်ထောင်စုသား ရင်သွေးငယ်များ ကိုယ့်ရပ်ကိုယ့်ဒေသတွင် အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေးအတွက်ပါ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အခြေခံပညာအဆင့်တွင်လည်း ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်းပေါင်း ၁၂၀၅ကျောင်းသာရှိခဲ့ရာမှ ယခု ၁၃၆၁ကျောင်းအထိ ရှိလာခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် အောင်ချက်အမြင့်မားဆုံး ပထမဆုဆွတ်ခူးရရှိသည်အထိ ပညာဆီမီးကို ထွန်းလင်းတောက်ပစေခဲ့သည်။ ပြည်ထောင်စုကြီး၏နယ်မြေ ရာမညမြေသည် ရေခံမြေခံကောင်းမွန်ပြီး မြေသယံဇာတ ပေါကြွယ်ဝရာ ဒေသဖြစ်၍ ဆန်စပါး၊ ရော်ဘာ၊ ကြက်မောက်၊ ဒူးရင်း၊ ကျွဲကော၊ မင်းကွတ်၊ ဆီထွက်သီးနှံများနှင့် ပဲမျိုးစုံ အမြောက်အမြား ထွက်ရှိပေသည်။ ယခုနှစ် ၂၀၀၉-၂၀၁၀ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးနှင့် နွေစပါးစုစုပေါင်း ဧက ၁၀သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

လွယ်လင့်တကူ ဆက်သွယ်နိုင်ပြီ

မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ပြည်ထောင်စုတစ်ဝန်း မည်သည့်နေရာမဆို အချိန်မရွေး လွယ်လင့်တကူ ဆက်သွယ်ပြောဆိုနိုင်ရန် ဒစ်ဂျစ်တယ်အိတ်ချိန်းများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ မုတ္တမမြို့ ဒစ်ဂျစ်တယ်အိတ်ချိန်းကလည်း ပြည်နယ်ဘက်စုံ ဖွံ့ဖြိုးလာမှု၏ ထင်ရှားသော သာဓကအဖြစ် ဤသို့ ဝင့်ဝင့်ထည်ထည် တည်ရှိနေမှုကလည်း····။

ဓာတ်ပုံ-သာဉာဏ် (သတင်းစဉ်)

နိုင်ငံတော်က တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအား ဦးစားပေးကာ နယ်မြေဒေသအသီးသီးတွင် စက်မှုသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရန် တွန်းအားပေးခဲ့မှုကြောင့် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် စက်မှုသီးနှံစိုက်ပျိုးမှုများ အံ့မခန်းအောင်မြင်ဖြစ်ထွန်းခဲ့ရာ မွန်ပြည်နယ်အတွင်း နယ်မြေဒေသများစွာတွင် အောင်မြင်ရှင်သန်နေပြီဖြစ်သည့် ရော်ဘာစိုက်ခင်းများကို ဤသို့အားရဖွယ် မျက်စိတစ်ဆုံး မြင်တွေ့ရသည်မှာ····။

ဓာတ်ပုံ-သာဉာဏ် (သတင်းစဉ်)

ဖြန့်ဖြူးပေးလျက်ရှိ

သီးထပ်စိုက်ပျိုးနိုင်ရန်အတွက်လည်း နေကြာ၊ ပဲမျိုးစုံ၊ နှမ်းစသည့် အထွက်ကောင်းမျိုးများကိုလည်း ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

သွင်းအားစုပံ့ပိုးပစ္စည်းများကိုလည်း ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖြန့်ဖြူးပေးလျက်ရှိရာ ယူရီးယားမြေဩဇာ ၃၅၁၉၄အိတ်ကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးလျက်ရှိဘိသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ထုတ်လုပ်လျက်ရှိသော ရာမည ဓာတ်စုံမြေဩဇာကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ထိရောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

မုဒုံမြို့ရှိ ဗဟိုစိုက်ပျိုးရေးခြံ၌လည်း ရေမြေဒေသနှင့် သင့်လျော်ကောင်းမွန်သော စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးနည်းစနစ်များဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မျိုးရိုးဗီဇမှန်ကန်၍ ကောင်းမွန်သော မျိုးစေ့များရရှိရေးအတွက် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်းတို့ကြောင့် ပြည်နယ်၏ သီးနှံစိုက်စွမ်းအားမှာ မည်သည့်ခေတ်နှင့်မျှမတူ တစ်မူဖွံ့ဖြိုးလာခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁

9-2 (06).pmd 1 2/9/2010, 2:18 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁။	စိုက်ပျိုးမြေဧရိယာ	ဧက	၈၉၁၅၉၆	၂၁၂၀၀၄၉	၁၂၂၈၄၅၃
၂။	ဆည်တမံ	ခု	၃	၆	၃
၃။	မြစ်ရေတင်လုပ်ငန်း	ခု	-	၅	၅
၄။	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၆၁.၆၆	၆၁.၆၆
၅။	ရထားလမ်း	မိုင်	၁၉၅	၃၁၅.၀၃	၁၂၀.၀၃
၆။	ကားလမ်း	မိုင်	၄၀၉	၄၅၃	၄၄
၇။	ပေ ၁၈၀အထက် တံတား	စင်း	၄	၁၆	၁၂
၈။	စာတိုက်စခန်း	ခု	၅၈	၆၄	၆
၉။	ကြေးနန်းရုံး	ခု	၃	၁၉	၁၆
၁၀။	တယ်လီဖုန်းရုံး	ခု	၁၁	၃၅	၂၄
၁၁။	မိုက်ကရိုဝေ့ဗ်စခန်း	ခု	၈	၉	၁
၁၂။	ရေအားလျှပ်စစ်စက်ရုံ	ခု	၁	၁၁	၁၀
၁၃။	နိုင်ငံပိုင်စက်ရုံ	ခု	-	၁၇	၁၇
၁၄။	အခြေခံပညာကျောင်း	ကျောင်း	၁၂၀၅	၁၃၆၂	၁၅၇
၁၅။	ပညာရေးကောလိပ်	ခု	-	၁	၁
၁၆။	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၇။	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၈။	ဆေးရုံ	ရုံ	၂၀	၃၁	၁၁

မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိရာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပွင့်လန်းလာလျက်ရှိသည်ကို ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ အောင်မြင်နေသော ဆားကွင်းများက ဤသို့ ဖော်ညွှန်းပြသလျက်....။

ဓာတ်ပုံ-သာဉာဏ် (သတင်းစဉ်)

စာမျက်နှာ ၆ မှ

အလားတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မွန်ပြည်နယ်ကို ရော်ဘာ ပြည်နယ် ဖြစ်စေရေးအတွက် ရည်မှန်းလျက် စိုက်ဧက လေးသိန်း လျာထားခဲ့ရာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ရော်ဘာစိုက်ဧက ၄၀၇၈၇၉အထိ တိုးတက်စိုက်ပျိုးနိုင်ပြီဖြစ်သည်။ အစေးလှီးဧက သုံးသိန်းရရှိချိန်တွင် ရော်ဘာတန် တစ်သိန်း ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၉၈၈ ခုနှစ်မတိုင်မီကဆိုပါမူ ရာမညမြေ၌ ရော်ဘာစိုက်ဧက ၇၆၆၀၇ဧကသာ ရှိခဲ့ပေရာ မည်မျှဖွံ့ဖြိုးတိုးတက်လာသည်ကို နှိုင်းယှဉ်ချိန်ထိုး တွေ့မြင်နိုင်မည်ဖြစ်ပေသည်။

ရော်ဘာအများဆုံးစိုက်ပျိုး

သို့မို့ကြောင့် မွန်ပြည်နယ်၏ ရော်ဘာစိုက်ဧက ပမာဏသည် တစ်နိုင်ငံလုံး ရော်ဘာ စိုက်ဧက၏ ၄၀ ဒသမ ၄၂ ရာခိုင်နှုန်း၊ အစေးလှီးဧကတွင် ၆၀ ရာခိုင်နှုန်းနှင့် ရော်ဘာ အစေးထုတ်လုပ်နိုင်မှုမှာ ၆၂ ရာခိုင်နှုန်းရှိ၍ အချိုးအားဖြင့် ရော်ဘာအများဆုံး စိုက်ပျိုး ထုတ်လုပ်နိုင်သော ပြည်နယ်ဖြစ်ကြောင်း လေ့လာမှတ်သားမိပါသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် မုဒုံမြို့ရှိ မုဒုံသုတေသနနှင့် မျိုးပွားခြံသို့လည်း တစ်ဆက်တည်း သွားရောက်လေ့လာခဲ့ကြပါသေးသည်။ ခြံဧရိယာအကျယ်အဝန်းကား စုစုပေါင်း ၅၄၆၅ ဒသမ ၉၁ ဧကအထိ ကျယ်ဝန်း၏။ သုတေသနပြု ရော်ဘာထုတ်လုပ်ရေးလုပ်ငန်း၊ ဖူးဆက်ရော်ဘာပျိုးပင် ထုတ်လုပ်ရေးလုပ်ငန်း၊ မျိုးအလိုက် သုတေသနပြု ရော်ဘာပင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် သုတေသနပြုရော်ဘာ ပြန်စိုက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်သည် ရေသယံဇာတကိုလည်း ပိုင်ဆိုင်ထားသည့် ဒေသဖြစ်သည်နှင့်အညီ ပြည်နယ်၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိသော ဆားလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ ဖွံ့ဖြိုးရာ ဒေသလည်းဖြစ်ပေသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ် ပငကျေးရွာရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ပငဆားလုပ်ငန်း လုပ်ငန်းခွင်သို့လည်း သွားရောက်လေ့လာခဲ့ကြပါသည်။

မွန်ပြည်နယ်တွင် အခြားသောပြည်နယ်နှင့်တိုင်းများကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်နေစေရန် နေရာအနှံ့ ဆည်တမံများ စုဖွဲ့တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတောင်သူများ ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး တည်ဆောက်ပေးထားသည့် ကတိုက်ရေလှောင်တမံကလည်း စိုက်ပျိုးရေဖြန့်ဝေရန် ဤသို့ အသင့်ရှိနေသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှင်းလင်းပြောကြား

ပြည်နယ်မန်နေဂျာ ဦးစိန်ဟန်နှင့် ပငဆားလုပ်ငန်း လုပ်ငန်းမန်နေဂျာ ဦးသန်းအောင် တို့က **"ပြည်နယ်အတွင်းရှိ ဆားလုပ်ငန်းများကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ် ဆားရာသီကာလအတွင်း လျာထားချက်ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ပြီးခဲ့သည့်နှစ်က မွန်ပြည်နယ်အတွင်းရှိ ဆားလုပ်ငန်းရှင်များအတွက် ဆားအထူးချေးငွေကျပ် ၆၅၅သိန်းကျော် ထုတ်ချေးပေးကြောင်း၊ ပြည်နယ်အတွင်းရှိ ဆားလုပ်ငန်းရှင်များအားလုံးကလည်း ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်းမှာပင် ပြန်လည်၍ အကျေအလည် ပေးဆပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ပငဆားလုပ်ငန်းကို ၁၉၆၈-၁၉၆၉ ခုနှစ်မှစ၍ လုပ်ဧက ၂၆၀ဖြင့် စတင်ဖော်ထုတ်ခဲ့ပြီး ယခုအချိန်တွင် ရှိဧက ၁၀၁၆ ဒသမ ၂၉ အနက် ၈၁၆ ဒသမ ၆၀ ဧကကို လုပ်ဆောင်လျက်ရှိပြီး ဆက်လက်၍ ရှိဧကအတိုင်း ဖော်ထုတ်ဆောင်ရွက်ရန် စီမံလျက်ရှိကြောင်း၊ ထုတ်ကုန်အမျိုးအစားများအဖြစ် နေလှန်းဆား၊ ဆားခါးကြမ်း၊ မဂ္ဂနီဆီယမ်ကလိုရိုဒ်နှင့် ပိုတက်ဆီယမ်ကလိုရိုဒ်တို့ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း"**ဖြင့် ရှင်းလင်းပြောကြားပါသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ပငဆားလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု လေ့လာပြီးနောက် ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများဖွံ့ဖြိုးရာ သံဖြူဇရပ်မြို့နယ်ရှိ ကရုပ္ပိစံပြ ကျေးရွာသို့လည်း တကူးတကနဲ့ သွားရောက်လေ့လာခဲ့ကြပါသည်။

လွန်စွာဖွံ့ဖြိုးတိုးတက်

ကရုပ္ပိစံပြကျေးရွာကား အိမ်ခြေ ၉၈၀၊ အိမ်ထောင်စု ၁၀၂၀နှင့် လူဦးရေတစ်သောင်း ကျော်မျှသာ ရှိသော်လည်း ကျေးရွာနှင့်မလိုက်ဖက်စွာ လွန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရ၏။

စံပြကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းကား ရေလုပ်ငန်း၊ ဆားလုပ်ငန်းတို့အပြင် ဆန်စပါး၊ ရော်ဘာနှင့် သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းတို့ပင် ဖြစ်ကြသည်။

ချက်ချင်းတင်ပို့

ရေလုပ်ငန်းအနေဖြင့် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလှေပေါင်း ၄၀ခန့်ရှိပြီး ဖမ်းမိငါးများကို မြို့အရောက် ချက်ချင်းတင်ပို့ကြ၏။ မြန်မာ့ပင်လယ်ပြင်မှ သက်ရှိသယံဇာတများ ဖြစ်ကြသော ငါးမုတ်၊ ငါးစည်ဖောင်း၊ ငါးပြက်ထောပတ်၊ ငါးသလောက်၊ ငါးမန်း၊ ငါးရောင်၊ ငါးရွှေ၊ ငါးလိပ်ကျောက်တို့ကို မော်လမြိုင်မြို့ရှိ အအေးခန်းစက်ရုံသို့ ချက်ချင်း တင်ပို့ကြ၏။

ရပ်မိရပ်ဖ ဦးကာတွန်းက ကျွန်တော်တို့သတင်းအဖွဲ့အား စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လိုက်ပြရင်း **"အရင်က လမ်းမရှိတော့ ဖမ်းဆီးမိတဲ့ငါးတွေ ရွာမှာပဲ ပုပ်သိုးကုန်တာများတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ ဒေသအာဏာပိုင်တို့ရဲ့ ခွင့်ပြုချက်နဲ့ မီးရထားတံတားကို ကားလမ်းတံတားအဖြစ်ပါ ဆောင်ရွက်နိုင်ခဲ့လို့ ကျွန်တော်တို့ကျေးရွာမြင်တဲ့အတိုင်း ဖွံ့ဖြိုးလာတာဖြစ်ပါတယ်။ ပေ ၃၀၀ကျော်ရှိတဲ့ သံကူကွန်ကရစ်တံတားကြီးကိုလည်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေပြီး ယခုနှစ်အတွင်းမှာ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တံတားကြီးပြီးသွားရင် တန် ၆၀ ကားကြီးတွေနဲ့ ကုန်စည်တွေကို ပို့ဆောင်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့ဒေသ ယခုထက် ပိုဖွံ့ဖြိုးလာတော့မှာဖြစ်ပါတယ်"**ဟူ၍ ပြောကြားပါသည်။

စည်ပင်ဖွံ့ဖြိုး

ကျွန်တော်တို့သတင်းအဖွဲ့သည် အချိန်ရခိုက် စံပြကျေးရွာအတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ရာ ကျေးလက်သားဖွားခန်း၊ ဆေးပေးခန်း၊ ပညာ့ဗိမာန် စာကြည့်တိုက်၊ ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ်၊ တယ်လီဖုန်းရုံး၊ အိုင်တီနည်းပညာဖွံ့ဖြိုးရေးအတွက် ကွန်ပျူတာ သင်တန်းများ၊ ညီညာပြန့်ပြူးသော ကတ္တရာလမ်းများနှင့် တိုက်တာအဆောက်အအုံများ အပါအဝင် ကျေးလက်နှင့်မြို့ပြမခြားနား၊ မြို့တစ်မြို့အလား စည်ပင်ဖွံ့ဖြိုးလျက်ရှိသည်ကို တွေ့မြင်ခဲ့ရပေသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် တပ်မတော်အစိုးရလက်ထက်တွင် ဘက်စုံဖွံ့ဖြိုး တိုးတက်လာသော ပြည်ထောင်စုပန်းခင်းကြီးထဲက သာစွဋ္ဌာနေ ရာမညမြေ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်မှုများကို လေ့လာခဲ့ရာတွင် ငွေတစ်မတ်နှင့် ငါးကြင်းခေါင်း တက်ကိုင်သည်သို့နှယ် လက်လှမ်းမမီလောက်အောင်ပင် ဖြစ်ခဲ့ရပါသည်။

သာစွဋ္ဌာနေ ရာမညမြေ

သို့ဖြစ်၍ အချိန်ရခိုက်အတွင်းမှာပင် လက်လှမ်းမီရာ လေ့လာခဲ့ရပြီး အချိန်တန်သော အခါဝယ် မိမိလုပ်ငန်းခွင်သို့ ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။ သို့ဖြစ်လင့်ကစား လယ်ယာ ကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ဖြစ်ထွန်းကြွယ်ဝ ရာမြေ၊ ရေသယံဇာတနှင့် မြေသယံဇာတတို့ ကုံလုံပြည့်ဝရာမြေ၊ ဒေသတည်ငြိမ်အေးချမ်းမှု တို့နှင့်အတူ ဖွံ့ဖြိုးစည်ပင်ရာမြေ၊ ပြည်ထောင်စုပန်းခင်းကြီးထဲက သာစွဋ္ဌာနေ ရာမညမြေ၏ မြင်ကွင်းပုံရိပ်တို့ကဖြင့် မေ့မရနိုင်တော့ချေ။

ထို့အတူ အတွေးပုံရိပ်ဝယ် ၁၉၉၀ ကျော်လွန်နှစ်များအတွင်းက အရှေ့ဥရောပ နိုင်ငံအချို့နှင့် မျက်မှောက်ကာလနိုင်ငံအချို့၏ ပြိုကွဲခဲ့ရသည့် ဖြစ်စဉ်များအတွင်း ပြည်သူများ ဒုက္ခပင်လယ်ဝေခဲ့ရသည့် ဖြစ်ရပ်တို့ကိုလည်း တဖျပ်ဖျပ် မြင်ယောင်လာမိပါတော့သည်။

သို့မို့ကြောင့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေး(၃)ပါး၏ နက်ရှိုင်းလေးနက်မှု သဘောသဘာဝကို ပို၍ပို၍ နားလည်တန်ဖိုးထားမိပါတော့သည်။ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါလိမ့်မည်။ ပြည်ထောင်စုပန်းခင်းကြီးအတွင်း၌လည်း ထာဝစဉ် ပန်းပေါင်းစုံ ပွင့်ထုံကြိုင်သင်းနေပါမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။



9-2 (07).pmd 1 2/9/2010, 2:18 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ညီနောင်တွေစု တည်ထောင်ပြု ပြည်ထောင်စုအားမာန် အမြဲရှင်သန်

တက္ကသိုလ် ညိုညိုသန့်



မြန်မာနိုင်ငံသည် ရှေးအတိတေ ကာလမှစ၍ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်တည်းဟူသော မြစ်ကြီးလေးစင်း၏ ရင်ခွင်၌ခိုမှီကာ မြေဆီသြဇာ၊ သယံဇာတ ကြွယ်ဝလှသည့် နယ်မြေကို အခြေပြုလျက် ဘိုးစဉ်ဘောင်ဆက် ဥမကွဲ၊ သိုက်မပျက် အတူတကွ နေထိုင်လာခဲ့ကြသည့် တစ်အူထုံ့ဆင်း သွေးချင်းများ၏ အမျိုးသား နိုင်ငံကြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ယနေ့ ဖြစ်တည်နေသည့် ဘူမိနက်သန်နယ်မြေကြီးအတွင်းတွင် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် စတင်ပေါက်ဖွား ရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား မျိုးနွယ်စုပေါင်း တစ်ရာကျော် ပွားစီးခဲ့ပြီး မြန်မာအဖြစ် သမိုင်းအစဉ်အဆက် ဆင့်ပွားတိုးတက် ဖြစ်ထွန်းလာခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် အမျိုးသားရေး ဂုဏ်ဒြပ်တစ်ခုပင် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုများအတွင်း သုခ၊ ဒုက္ခအပေါင်းကို အေးအတူပူအမျှ ဝေမျှခံစားလျက် ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်။ ထိုအစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်မြင့်မားသော ''မြန်မာ''အဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ မြန်မာတို့သည် မြန်ဆန်သန်မာသူများဖြစ်၍ အရေးအရာ ကြုံကြိုက်လာပါက တင်းမာခက်ထန်စွာ လျင်လျင်မြန်မြန် တုံ့ပြန်တတ်သူများဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးစုများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့ကြပြီး ပြည်ပရန်စွယ် အသွယ်သွယ်တို့ကို လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့သဖြင့်လည်း ''ပြည်ထောင်စုမြန်မာနိုင်ငံတော်''တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှည်လျားလှသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ပြည်ထောင်စုကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်စေနိုင်ရအောင် အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များအဖြစ် ထင်ရှားစွာ တွေ့ရှိရသည်။

နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် ပရိယာယ်ဝေဝစ်များလှသော ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်မှာ မေ့ပျောက်မရနိုင်သည့် သမိုင်းပေးသင်ခန်းစာပင် ဖြစ်သည်။

သူ့ကျွန်ဘဝတွင် ကိုလိုနီနယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ်အမြွှာမြွှာ စိတ်ပိုင်းကာ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ပေါင်းစည်းယှက်နွယ် သံယောဇဉ်တွယ်လျက်ရှိသည့် အနေအထားကို ပျက်ပြားအောင် သွေးခွဲအုပ်ချုပ်ခဲ့သည်။ နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟစေရန်၊ တိုင်းရင်းသားအချင်းချင်း သံသယပွား၍ စိတ်ဝမ်းကွဲပြားလာစေရန် ရည်ရွယ်ချက်ရှိရှိ စီမံဆောင်ရွက်ခဲ့ကြသည်။

ပထဝီဝင် အနေအထားအရကြည့်လျှင် မြန်မာနိုင်ငံသည် တောင်နှင့်မြောက် ရှည်လျားပြီး လက်တက်သဖွယ် ချွန်ထွက်နေသော နေရာဒေသများလည်းရှိသဖြင့် တစုတစည်းတည်းရှိမှုတွင် အတန်ငယ်အားနည်းသည်။ မြေမျက်နှာသွင်ပြင်အရ မြစ်ဝှမ်းလွင်ပြင်များ၌ ပြန့်ပြူးပြီး လွင်ပြင်များ ပတ်လည်၌ ရိုးမတောင်တန်းကြီးများက သဘာဝအတားအဆီးသဖွယ် တည်ရှိနေသည်။ ဆက်သွယ်သွားလာမှုခက်ခဲသော တောင်ပေါ်ဒေသနှင့် သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူသော မြေပြန့်ဒေသတို့တွင် အသီးအသီး နေထိုင်ကြသူ တိုင်းရင်းသားများအကြား၌ အဆက်အစပ်နည်းကာ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကွာဟစေရန် သဘာဝက ဖန်တီးထားသကဲ့သို့ ဖြစ်နေသည်။

ယခုအခါတွင် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခိုင်အမာ ဖြစ်ထွန်းလျက်ရှိသည်သာမက နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း သာယာပြောလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှိန်အဟုန်ဖြင့် အောင်မြင် ဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပြီးဖြစ်။

ဤသို့သော သဘာဝအလျောက် အားနည်းမှုကို နယ်ချဲ့ကိုလိုနီတို့က လိမ္မာပါးနပ်စွာ ကောက်ကျစ်သည့် စိတ်ထားဖြင့် အသုံးချကာ တောင်ပေါ်နှင့် မြေပြန့်ဒေသတို့အကြား သွေးခွဲအုပ်ချုပ်မှုကို ပြုလုပ်ခဲ့သည်။ ပြည်မဒေသနှင့် ဇယားဝင်ဒေသများဟူ၍ နယ်မြေများကို သတ်မှတ်ပြီး ကွဲပြားသော အုပ်ချုပ်မှုစနစ်များကို ဖန်တီးခဲ့သည်။ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသတို့အကြား ဆက်ဆံကူးလူးယှက်နွယ်မှုများကိုလည်း ဥပဒေအမျိုးမျိုး ထုတ်ပြန်၍ ကန့်သတ်ပိတ်ပင် တားမြစ်ခဲ့သည်။

ထို့အပြင် တိုင်းရင်းသားအချင်းချင်း သွေးခွဲစည်းရုံးသည့် လုပ်ရပ်များကိုလည်း ပြုလုပ်ခဲ့သည်။ တောင်ပေါ်တိုင်းရင်းသားများကို

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားများအားလုံးသည် အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက်လည်း တိုင်းရင်းသားများအားလုံး စုစည်းပါဝင်ကာ ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်။ ထို့အတူပင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကူးပြောင်းရေးအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် အဆင့်(၅)ဖြစ်သည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများကို စနစ်တကျကျင်းပရေးအတွက် စီမံဆောင်ရွက်လျက်ရှိ။

၂၀၁၀ ခုနှစ် (၆၃)

၁။ ပြည်ထောင်စု မပြိုကွဲ
တည်တံ့ခိုင်မြဲရေးဟူသေ
ကာကွယ်ရေး၊
၂။ တိုင်းရင်းသား ပြည်သူ
၃။ နိုင်ငံတော်တည်ငြိမ်အေး
ပြည်ပအဖျက်သမားများ
ကာကွယ်တားဆီးရေး၊
၄။ တိုင်းရင်းသားပြည်သူမျ
ဥပဒေနှင့်အညီ ခေတ်
တည်ဆောက်ရေးအတွက်
၅။ နိုင်ငံတော် ရှေ့ဆက်သွ
အတွက် ပြည်ထောင်စုဝ

လက်နက်ကိုင်တပ်များဖွဲ့ပြီး မြေပြန့်တိုင်း
တော်လှန်မှုများကို ချေမှုန်းရာ၌ အသုံးချခဲ့
ခိုင်ခိုင်မာမာမရှိသေးသော တိုင်းရင်းသားမျ
နှင့် ဘာသာတူဖြစ်အောင် ခွဲဖဲ့စည်းရုံး၍ သ
သက်ရှိခံတပ်တံတိုင်းများအဖြစ် ဖန်တီးအသုံ
အမွေဆိုးကြီးသည် လွတ်လပ်ရေးရပြီးနောက
ကြာ လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားရ
ပြိုကွဲလုအခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရော
ကိုလိုနီနယ်ချဲ့တို့ဖန်တီးခဲ့သည့် သမိုင်းကြေ
ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်သည်
သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့တို့၏ သွေး
ရင်ဆိုင်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု
လုံး ညီညာဖြဖြ ဖော်ထုတ်ပြသခဲ့ကြသည့်
ပင်လုံစာချုပ်တို့ ပေါ်ထွန်းလာခဲ့သော ဖေ
လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်
ကြီး သန္ဓေတည်မွေးဖွားရာ ပြည်ထောင်စုေ
ထားကာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြေ
လွန်စွာလေးနက်သော အမျိုးသားရေးအဓိပ္ပ
ရှိသည့် နေ့ထူးနေ့မြတ်ဖြစ်သည်ကို တိုင်းရင်းသ
အားလုံးက အစဉ်အမြဲ အောက်မေ့သတိရနေ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး
ကြောင်း သင်ခန်းစာများကို ရယူလျက်
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားေ
ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေး
ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် က
ခိုင်မြဲစေရအောင် အားထုတ်ကြိုးပမ်း ဖော်ေ
**အခါတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း
ညီညွတ်မှု အခိုင်အမာ ဖြစ်ထွန်းလျက်ရှိသည
များပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချ
နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတ
အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသ
တွေ့မြင်နိုင်ကြပြီး ဖြစ်သည်။**
ပြည်ထောင်စုတစ်ဝန်းလုံးတွင် ဆူကြုံ
စေရန်နှင့် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန်
တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး
ဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ
လက်တွေ့ကျကျ အကောင်အထည်ဖော်ဆေ
နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာေ
လူမှုစီးပွားဘဝကြီး တစ်ခုလုံးအတွက် အခြေ
အခိုင်အမာ တည်ဆောက်ပြီးဖြစ်သည်။
ခြုံ၍ဆိုရသော် ဖြစ်တည်ပေါ်ထွန်းလာ
ရလဒ်ကောင်းများကြောင့် ပြည်ထောင်စုမြန်မာ
ဖွံ့ဖြိုးတိုးတက်တော့မည့် လမ်းကြောင်းမှ
ဖြစ်သည်။
**နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချု
ခိုင်မြဲရေးအတွက် တိုင်းရင်းသားများအားလုံး
ပူးပေါင်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သ
ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြ
တိုင်းရင်းသားများအားလုံး စုစည်းပါဝင်ကာ**

9-2 (08-09).pmd 1 2/9/2010, 2:18 AM

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

လက်နက်ကိုင်တပ်များဖွဲ့ပြီး မြေပြန့်တိုင်းရင်းသားတို့၏ ဆန့်ကျင်တော်လှန်မှုများကို ချေမှုန်းရာ၌ အသုံးချခဲ့သည်။ ဘာသာရေးအရ ခိုင်ခိုင်မာမာမရှိသေးသော တိုင်းရင်းသားများကို နယ်ချဲ့အုပ်စိုးသူတို့နှင့် ဘာသာတူဖြစ်အောင် ခွဲဖဲ့စည်းရုံး၍ သိမ်းသွင်းကာ ယင်းတို့၏ သက်ရှိခံတပ်တံတိုင်းများအဖြစ် ဖန်တီးအသုံးချခဲ့သည်။ ယင်းကိုလိုနီအမွေဆိုးကြီးသည် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း(၄၀)ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားရခြင်း၊ ပြည်ထောင်စုကြီး ပြိုကွဲလုအခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ရခြင်း အပါအဝင် ကိုလိုနီနယ်ချဲ့တို့ဖန်တီးခဲ့သည့် သမိုင်းကြောင်းဆိုးမွေများကို ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်သည်။

သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားကို တစ်မျိုးသားလုံး ညီညာဖြဖြ ဖော်ထုတ်ပြသခဲ့ကြသည့် ပင်လုံညီလာခံကြီးနှင့် ပင်လုံစာချုပ်တို့ ပေါ်ထွန်းလာခဲ့သော ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး သန္ဓေတည်မွေးဖွားရာ ပြည်ထောင်စုနေ့အဖြစ် အထွတ်အမြတ်ထားကာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုနေ့သည် လွန်စွာလေးနက်သော အမျိုးသားရေးအဓိပ္ပာယ်ဖြင့် ပြည့်လျှမ်းလျက်ရှိသည့် နေ့ထူးနေ့မြတ်ဖြစ်သည်ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက အစဉ်အမြဲ အောက်မေ့သတိရနေကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းကြောင်း သင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် အားထုတ်ကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။ **ယခုအခါတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာ ဖြစ်ထွန်းလျက်ရှိသည်သာမက နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း သာယာဝပြောလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပြီး ဖြစ်သည်။**

ပြည်ထောင်စုတစ်ဝန်းလုံးတွင် ဆူကြုံနိမ့်မြင့် ကွာဟမှု နည်းပါးစေရန်နှင့် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော လူမှုစီးပွားဘဝကြီး တစ်ခုလုံးအတွက် အခြေခံအုတ်မြစ်ကောင်းများကို အခိုင်အမာ တည်ဆောက်ပြီးဖြစ်သည်။

ခြုံ၍ဆိုရသော် ဖြစ်တည်ပေါ်ထွန်းလာသော ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်တော့မည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားများအားလုံးသည် အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက်လည်း တိုင်းရင်းသားများအားလုံး စုစည်းပါဝင်ကာ ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။ ထို့အတူပင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကူးပြောင်းရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် အဆင့်(၅)ဖြစ်သည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မှန်ကန်စွာ ဆုံးဖြတ်ရပ်တည်လျက် တက်ကြွစွာ ပါဝင်ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်ခွင်သာဖို့ စည်းလုံးစို့

* တစ် ကိုး လေး ခွန်၊ ခုနှစ်မွန်၏
ကျော်လွန်ဆယ့်တစ်၊ ရက်မြတ်ဖြစ်သည့်
ဆယ့်နှစ်ဖေဖော်၊ ဆောင်းလမော်၌
ပြည်တော်သစ်မွေး၊ လွတ်လပ်ရေးတွက်
သွေးချင်းတို့ဆုံ၊ မြို့ပင်လုံဝယ်
ပင်လုံစာချုပ်၊ ရေးထိုးချုပ်၍
တွန့်ဆုတ်မနေ၊ မတွေဝေဘဲ
တစ်မြေတည်းနေ၊ မျိုးချစ်ပေသော
တစ်ရေတည်းသောက်၊ ဆွေရင်းမြောက်သည့်
ထွန်းတောက်အံ့ဖွယ်၊ ကိုယ်စားလှယ်တို့
ရင်ဝယ်ကျောသား၊ မခွဲခြားဘဲ
တိုင်းကားပြည်ကျိုး၊ ရွက်သယ်ပိုး၍
ကောင်းကျိုးဝေဆာ၊ အလှဖြာ၏။

* ပြည်ထောင်စုနေ့၊ ပျော်ရွှင်မွေ့ဖွယ်
နေ့သစ်မွေးဖွား၊ တိုင်းရင်းသားတို့
လေးစားချစ်ကြည်၊ ပြည်သစ်တည်ခဲ့
စုံညီဖွံ့ဖြိုး၊ ဘက်စုံတိုးအောင်
အားကြိုးမာန်တက်၊ ဒို့ဆောင်ရွက်အံ့
ချိတ်ဆက်လက်များ၊ မြဲခိုင်အားဖြင့်
နှောင်များအစဉ်၊ အောင်ပွဲဆင်မည်
ပြည်ခွင်သာဖို့၊ စည်းလုံးစို့။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

သန်းထွန်းညို

ပြည်ထောင်စုအား စွမ်းပကားဖြင့်

* မွန်၊ ချင်း၊ ကချင်
ကရင်၊ ကယား၊ ရခိုင်သားနှင့်
ရှိုးသားစိတ်ဝမ်း၊ ဗမာ၊ ရှမ်းတို့
တစ်ဝန်းပြည်ထောင်၊ ဒို့ ညီနောင်။

* အမိမြန်ပြည်
သန့်စည်တိုးပွား၊ စဉ်ခံ့ညားအောင်
အမျိုးသားရေး၊ နိုးကြားသွေးဖြင့်
ဘိုးဘွားဘီဘင်၊ အစဉ်အဆက်
အသက်တွေပေး၊ အသွေးတွေနှင်း
ပြင်းခဲ့မာန်ဟုန်၊ ရန်မဖြုံဘဲ
ရန်ပုံကိုခွင်း၊ ရန်စုံရှင်းပြီး
ကျွန်တွင်းမှာနစ်၊ ကျွန်အဖြစ်မှ
အနစ်မခံ၊ ပြည်ထောင်မာန်ဖြင့်
တော်လှန်သွေးသောက်၊ ဓွေးဓွေးတောက်၍
ဂုဏ်မြောက်အောင်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ
နွှဲခဲ့ကြကြောင်း၊ သမိုင်းကောင်းခဲ့။

* ယနေ့မြန်ပြည်
ပြည်ထောင်စုအား၊ စွမ်းပကားဖြင့်
လူသားရင်းမြစ်၊ ပြည့်အနှစ်ဖြင့်
မျိုးချစ်စိတ်ဓာတ်၊ ထိုဂုဏ်ဒြပ်ဖြင့်
မပြတ်တာဝန်၊ ထမ်းကျေပွန်လျက်
မွန်မြတ်လမ်းကောင်း၊ မတိမ်းစောင်းအောင်
ပေါင်းစည်းညီညီ၊ လှမ်းကြမည်။

* တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်
သွေးသောက်ဇာနည်
ပန်းတိုင်ဆီသို့
ချစ်ကြည်လက်တွဲ၊ ချီကြမည်။
ငြိမ်းအေးပါသည် ဒို့တိုင်းပြည်။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

မေသက်နွယ်ဦး (ဆေးဝါးတက္ကသိုလ်)

ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာ အထက်တန်း ကျောင်းဆောင်သစ်

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၉ရက်က ဟုမ္မလင်းမြို့နယ်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး လမ်းဘေး ဝဲယာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာခြံများကို လည်းကောင်း၊ ဥရုတံတားသို့ ရောက်ရှိပြီး ဟုမ္မလင်းဘက်ခြမ်း ကမ်းကပ်ခံ့ရေတိုက်စားနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ ဆက်လက်ပြီး တိုင်းမှူးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နောင်ပိုအောင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်အား တိုင်းပညာရေးမှူး ဦးမြတ်ထွဋ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး**(အပေါ်ပုံ)**က ချင်းတွင်းကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အကုန်အကျခံ

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၂၈၀၊ အနံ ပေ ၃၀ရှိပြီး စာသင်ခန်း ၁၈ခန်းပါရှိကာ SS-2(4) အမျိုးအစား ကျောင်းဆောင်သစ်ဖြစ်ကာ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၉၀၀ကျော်အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုသမှု

ဆက်လက်ပြီး တိုင်းမှူးနှင့်အဖွဲ့သည် နောင်ပိုအောင်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် ဝေဒနာရှင်လူနာများနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့သည်။ ထို့နောက် ဆေးရုံအတွင်းရှိ ဆေးစတိုခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ပြီး ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ပိုအောင်စံပြကျေးရွာအနီး နမ့်တလုံးရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

စိုက်ပျိုးရေ

အဆိုပါ နမ့်တလုံးရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းသည် ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ကြောင်းနှင့် ရေအားလျှပ်စစ် တည်ဆောက်ပြီးစီးပါက နောင်ပိုအောင်ကျေးရွာ လျှပ်စစ်မီးရရှိနိုင်မည့်အပြင် လယ်ယာမြေဧက ၁၅၀၀အား စိုက်ပျိုးရေ ရရှိရေးအတွက် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလက်မှတ်ရ

ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော MFRS for SMEs (Part- III) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်ရန် ဖေဖော်ဝါရီ ၂၄ရက် နောက်ဆုံးထား၍ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်ရှိ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း၌ မှတ်ပုံတင်ကြေး ပေးသွင်းရမည်။ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုအပ်ပြီး သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာမည်။

ဖေဖော်ဝါရီ ၉ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၈

City Centre Shopping Mall အမည်ရှိ သုံးထပ်အဆောက်အအုံ မကြာမီဖွင့်လှစ်မည် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂) အမှတ်စဉ် (၁၅)ကို ဖြန့်ချိထားသည်။

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနား၊ သက်ဆိုင်ရာက ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက် ထုတ်ပြန်ကြေညာ၊ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများတွင် အာတီမစ်စင်နင်ငှက်ဖျားကာကွယ်ဆေးခံနိုင်ရည်ရှိသည့် ငှက်ဖျားရောဂါပိုးတွေ့ရှိ၊ နိုင်ငံပိုင်စက်သုံးဆီဆိုင် ၂၄၀ကျော်ကို ရောင်းချရန်အတွက် အဆိုပြုလွှာများတင်သွင်းနိုင်၊ ကမ္ဘောဇဘဏ်နှင့် အများပိုင်ပထမပုဂ္ဂလိကဘဏ်တို့ နေပြည်တော် အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဘဏ်ခွဲသစ်များတိုးချဲ့ဖွင့်လှစ်ခွင့်ရရှိ၊ ရန်ကုန်တိုင်းလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က လျှပ်စစ်မီးပေးဝေသည့်အချိန်ဇယားသစ်ထုတ်ပြန်၊ မြန်မာရိုးရာသင်္ကြန်ပွဲကို ဆင်နွှဲနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသည် အမြောက်အမြားရောက်ရှိမည်၊ တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံငါးမွေးမြူရေးနှင့် ရေလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမည်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် (CDMA) တယ်လီဖုန်းလိုင်း ၃၅၀၀၀၀တိုးချဲ့ တပ်ဆင်သွားမည်၊ ပင်လယ်ကူးသင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန် မြန်မာလူငယ်များအား မှတ်ပုံတင်ခြင်းကိစ္စများဆောင်ရွက်ပေးသွားမည်၊ ကမ္ဘာလှည့်ခရီးသွားများ၏ ဇုန်ဝင်ကြေးများကို ကြိုတင်ငွေပေးချေသည့်စနစ် ကျင့်သုံးမည်၊ မွေးမြူရေးခြံများအားလုံးတွင် (GPS) စနစ်ကို အသုံးပြုလုပ်ဆောင်သွားမည်၊ ဘုရင့်နောင်လမ်းဆုံရှောင်လွှဲလမ်းသစ် မကြာမီဖွင့်လှစ်နိုင်တော့မည်၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်အကိုင် အခွင့်အလမ်းရရှိရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်း၊ အစ္စရေးကအီရန်အား ပင်လယ်ကွေ့နှင့်အီရတ်မြောက်ပိုင်းမှ တိုက်ရန် ပြင်ဆင်လျက်ရှိကြောင်း အီဂျစ်သတင်းများကဆို၊ အယ်လ်ခိုင်ဒါက မကြာမီ အမေရိကန်အား တိုက်ခိုက်ရန် အသင့်ပြင်ထား၊ စစ်ဖြစ်လျှင် တန်ဖိုးကြီးမားမည်ဟု ဆီးရီးယားက အစ္စရေးအား သတိပေးစသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ကြေးမုံပြင်နှင့်တူသော ဓမ္မ** တရားတော် ဘဒ္ဒန္တစန္ဒသေန (သုညတဓမ္မဆရာတော်)
၆:၅၀	ဖူးမြော်ပူဇော် မြသလွန်စေတီတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၆)
၈:၃၀	Sports World (Trial)
၈:၅၅	Activities in the City (၁၉၇၄-၇၈)ရူပဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ
၉:၁၅	ညီညွတ်ကျန်းမာ မြန်ကောင်း သက်သာ Nippon Noodles ပါ
၉:၃၅	Sunday Talk
၁၀:၂၀	အမှောင်ကိုခွင်းမယ့် တနင်္သာရီ
၁၀:၄၀	လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၂)
၁၁:၀၀	Cartoon Show Time (The Wind in the Willows)
၁၁:၄၀	ရေပျော်ငှက်တို့ နားခိုရာ
၁၁:၅၀	ဂီတစာဆို ဆရာ မျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ(အပိုင်း-၁)
၁၂:၂၀	ညီညွတ်ကျန်းမာမြန်ကောင်း သက်သာ Nippon Noodles ပါ
၁၂:၄၀	သင်ကြားရေးလမ်းညွှန် (Nay Lin Aung Accountancy Training Centre)
၁:၀၀	**ကြေးမုံပြင်နှင့်တူသော ဓမ္မ** တရားတော် ဘဒ္ဒန္တစန္ဒသေန (သုညတဓမ္မဆရာတော်)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival Duet ကမ်းခြေ
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၆)
၄:၀၅	Activities in the City (၁၉၇၄-၇၈)ရူပဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ
၄:၂၀	အမှောင်ကိုခွင်းမယ့် တနင်္သာရီ
၄:၄၀	လုပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
၄:၅၅	ရန်ကုန်မြင်ကွင်းကျယ် (Cafe' De Angel Myanmar Coffee)
၅:၁၀	ပြည်ထောင်စုတေးအစီအစဉ်
၅:၂၀	လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၂)
၅:၃၅	Celebrity Style (တေးသံရှင် Lလွန်းဝါနှင့်တွေ့ဆုံခြင်း)
၆:၀၀	MRTV-4 သတင်း
၆:၂၀	World of Knowledge (Driving Dream China)
၇:၁၅	Fashion Music Festival Duet ကမ်းခြေ
၈:၀၀	MRTV-4 သတင်း
၈:၃၀	Cartoon Show Time (The Wind in the Willows)
၉:၂၀	ဟိုတယ်လမ်းညွှန် (Grate Wall Hotel)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၆)
၁၀:၀၀	Celebrity Style (တေးသံရှင် Lလွန်းဝါ နှင့်တွေ့ဆုံခြင်း)
၁၀:၂၅	ရန်ကုန်မြင်ကွင်းကျယ် (Cafe' De Angel Myanmar Coffee)
၁၀:၃၅	ဟိုတယ်လမ်းညွှန် (Grate Wall Hotel)
၁၀:၅၅	**အလှော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၁:၀၅	စလင်းရေလှောင်တမံ
၁၁:၁၅	စားသုံးသူတို့ လိုအပ်ချက် ရေတာရှည်သကြားစက်
၁၁:၃၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနို့ထုတ်လုပ်ခြင်း)
၁၁:၅၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Man City-Bolton	ESPN(Live)
၂:၂၅	Fulham-Burnley	STAR SPORTS (Live)
	Fulham-Burnley	MRTV-4(Live)

အများပြည်သူ ပျော်ရွှင်စွာ အနားယူနိုင်

ပြည်ထောင်စုနေ့၌ လော်ကားဥယျာဉ်ကို အချိန်တိုးဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားသော်လည်း ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စားပွဲတင် တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၈

အားကစားနှင့် ကာယပညာ သိပ္ပံ (ရန်ကုန်) မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် Horizon Open စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် ညနေပိုင်းက ဖိုးစိန်လမ်းရှိ Horizon Sports Academy ၌ ကျင်းပသည်။

ဆုများချီးမြှင့်

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၁၂နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၅နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၈နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား Horizon International Education Centre ဒါရိုက်တာ Mr. Omer၊ကျောင်းအုပ်ကြီး Mr. YiLmaz၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အမှုဆောင်ဦးချန်ဟိန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးတင်ဝင်းက ဒုတိယတန်း ပြိုင်ပွဲနှင့် အသက် ၄၅နှစ်အထက် ပြိုင်ပွဲဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ပါဝင်ယှဉ်ပြိုင်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်**(ဝဲပုံ)**က အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ရက်နှင့် ၇ရက်တို့တွင် ကျင်းပခဲ့ပြီး အားကစားသမား ၁၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အာဆင်နယ်ကို ဖာဘရီဂတ်စ် စွန့်ခွာတော့မှာလား

ရေးသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဖေဖော်ဝါရီ ၈

အာဆင်နယ်အသင်း၏ အဓိကစွမ်းဆောင်ရှင် ကွင်းလယ်ကစားသမားဖြစ်သည့် ဖာဘရီဂတ်စ်၏ အံ့အားသင့်စရာ ဆုံးဖြတ်ချက်ကြောင့် အာဆင်နယ်ကလပ် တာဝန်ရှိသူများ မှင်သက်မိခဲ့သည်။ ယင်းမှာ အခြားမဟုတ်၊ အာဆင်နယ်၏ သက်တမ်းတိုးရေး စာချုပ်ကို ဖာဘရီဂတ်စ်က ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ခြင်းပင်ဖြစ်သည်။

အောင်မြင်မှုနှင့် ဝေးကွာနေသော အာဆင်နယ်၌ မိမိဆက်မနေလို၊ အောင်မြင်မှု ရောင်ခြည်များ ဝင်းလက်နေသောအသင်းတစ်သင်းသို့ ပြောင်းရွှေ့တော့မည်ဟု ဖာဘရီဂတ်စ်က အတိအလင်းပြောကြားလိုက်ပြီဖြစ်သည်။ ဖာဘရီဂတ်စ်အနေဖြင့် ရီးရဲမက်ဒရစ်ကိုလည်း ပြောင်းရွှေ့မည်မဟုတ်ကြောင်း၊ ရီးရဲမက်ဒရစ်သည် မိမိ၏ ကစားဟန်နှင့် အံဝင်ခွင်ကျမှုရှိမည် မဟုတ်ဟုလည်းပြောကြားသည်။

ကမ်းလှမ်း

အာစင်ဝင်းဂါးက ပေါင်သန်း ၃၀တန် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကိုလည်း ဖာဘရီဂတ်စ်က လက်မခံ၊ မိမိသည် အာဆင်နယ်၌ ကစားနေရမှုကို မပျော်ပိုက်တော့ဟု အာစင်ဝင်းဂါးကို အကြောင်းပြခဲ့သည်။ အာစင်ဝင်းဂါးက အကြောင်းအမျိုးမျိုးပြပြီး စည်းရုံးသော်လည်း မရတော့ပြီ။ လုပ်ခ လစာတိုးပေးမည်၊ ပွဲတိုင်းကစားခွင့်ပေးမည်၊ အခြား ဆုကြေးပေါင်းများစွာလည်း ခွဲပေးမည်ဆိုသည့် မက်လုံးများကိုလည်း ဖာဘရီဂတ်စ် နားမဝင်တော့။

ပြန်ခေါ်လို

ဖာဘရီဂတ်စ်နှင့် အာဆင်နယ်တို့အကြား အဆင်မပြေမှုဖြစ်ပွားနေချိန်တွင် ကမ်းလှမ်းမှုတစ်ရပ် ထွက်ပေါ်လာသည်။ ဘာစီလိုနာက ဖာဘရီဂတ်စ်ကို ပြန်ခေါ်လိုကြောင်း ကမ်းလှမ်းချက်ဖြစ်သည်။ ဖာဘရီဂတ်စ်၏ ကလပ်ဟောင်းဖြစ်သည့် ဘာစီလိုနာက အာဆင်နယ်မှ ပြောင်းရွှေ့ခွင့်ပြုလျှင် ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ပေးမည်ဟု ဈေးပေးထားပြီဖြစ်သည်။

စည်းရုံး

ကွင်းလယ်ကစားအား လိုအပ်မှုကို အပြည့်အဝ မဖြည့်ဆည်းနိုင်ချိန်တွင် ဖာဘရီဂတ်စ်က အသင်းမှ ထွက်ခွာတော့မည်ဆိုသဖြင့် အာစင်ဝင်းဂါး ခေါင်းခဲနေရပြီဖြစ်သည်။ အသင်းစုစည်းမှု အားနည်းနေချိန်တွင် ဖာဘရီဂတ်စ်လို ကစားသမားမျိုးကို အတတ်နိုင်ဆုံး စည်းရုံးသိမ်းသွင်းထားသင့်သည်ဟု အာစင်ဝင်းဂါးသိရှိသော်လည်း လက်တွေ့၌ အကောင်အထည် မဖော်နိုင်။



စိတ်ပျက်

ဆုဖလားများနှင့် ဝေးကွာနေသည့် အာဆင်နယ်၊ လူငယ်ကစားသမားများ ထက်မြက်သွက်လက်မှုရှိသော်လည်း အဆုံးသတ် ရလဒ်မကောင်းသည့် အာဆင်နယ်၊ အရေးကြီးသည့် ပွဲစဉ်အချို့၌ အဓိကကစားသမားများကို ချန်ထားတတ်သည့် နည်းပြအာစင်ဝင်းဂါး၊ ကစားသမားများ၏ လုပ်ခလစာတိုးမြှင့်ပေးမှုအပိုင်း၌ နှောင့်နှေးကြန့်ကြာတတ်လွန်းသည့် ကလပ်ပိုင်ရှင်များ၏ လုပ်ရပ်များက ဖာဘရီဂတ်စ်ကို စိတ်ပျက်စေခဲ့ပြီဖြစ်သည်။

ပြောင်းရွှေ့မည်

လာမည့် နွေရာသီ ကစားသမား အပြောင်းအရွှေ့၌ အာဆင်နယ်ကလပ်မှ ထွက်ခွာမည်ဟု ဖာဘရီဂတ်စ်က ဖေဖော်ဝါရီ ၈ရက်၌ တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။ မိမိ၏ ကစားသမားဘဝအပြောင်းအလဲဖြစ်လိုမှုကို ဦးစားပေးခြင်းကြောင့် အသင်းပြောင်းရွှေ့ခြင်းဖြစ်သည်။ အာဆင်နယ်၌ မည်သည့် ပုဂ္ဂိုလ်ရေးပဋိပက္ခမရှိဟု ဖာဘရီဂတ်စ်က ဆိုထားသည်။

ရီးရဲမက်ဒရစ်

ဖာဘရီဂတ်စ်အသင်းပြောင်းမည်ဟူသော သတင်းကြောင့် ရီးရဲမက်ဒရစ် တာဝန်ရှိသူများခေါင်းထောင်လာသည်။ ဖာဘရီဂတ်စ်အနေဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် တံခါးဖွင့်ထားကြောင်း၊ လုပ်ခလစာကို စီရိုနယ်ဒိုတို့နှင့်တန်းတူ ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းလိုက်သည်။ ရီးရဲမက်ဒရစ်ကလပ်ဥက္ကဋ္ဌ ပီရက်ဇ်က ပြောင်းရွှေ့ကြေးနှင့် လုပ်ခလစာများကို စိတ်တိုင်းကျ ညှိနှိုင်း၍ ရပါသည်ဟု စကားကုန်ဆိုနေပြန်သည်။

ရွေးချယ်

ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်တို့၏ အပြိုင်ကမ်းလှမ်းမှု ဈေးနှုန်းများက မြင့်မားနေသည်။ ကစားသမားဘဝ တက်လမ်းအတွက်ဟု အကြောင်းပြထားသော ဖာဘရီဂတ်စ် လာမည့်နွေရာသီ၌ ဘယ်လမ်း ရွေးချယ်မည်ကို စောင့်ကြည့်ရပေဦးမည်။ ။ ။ **ကိုးကား-အင်တာနက်**

အားကစားသတင်း အတိုအထွာ

အာကာကျော်-စုစည်းသည်

ဘော်ဒိုးတိုက်စစ်မှူး အာဆင်နယ်သို့ ပြောင်းရွှေ့လို

ဘော်ဒိုးတိုက်စစ်မှူး ချာမက်က ယခုနှစ် ဘောလုံးရာသီကုန်ဆုံးလျှင် အာဆင်နယ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

တိုက်စစ်မှူး ဂျိမ်းဟောက်ဟပ် အဲဗာတန်မှ ထွက်ခွာမည်

အဲဗာတန်တိုက်စစ်မှူး ဂျိမ်းဗောက်ဟမ်သည် ယခုသီတင်းပတ်ကုန်လျှင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ အသက် ၂၁နှစ်ရှိ ဂျိမ်းဗောက်ဟမ်အား ဒါဘီကောင်တီနှင့် ကိုဗင်ထရီကလပ်များက စိတ်ဝင်စားလျက်ရှိသည်။

အသင်းပိုင်ရှင်သစ် ပို့စ်မောက်မျှော်လင့်

ပို့စ်မောက်အသင်းအား ငွေကြေးချမ်းသာသော အဖွဲ့အစည်းနှစ်ခုက ချဉ်းကပ်နေကြောင်း အမှုဆောင်ညွှန်ကြားရေးမှူး မက်ဂျာကော့က ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပန္နမမြောက်အသင်းပိုင်ရှင်ကို မျှော်လင့်လျက်ရှိသည်။

ဂျွန်တယ်ရီ အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်မှ နုတ်ထွက်

မန်ယူနောက်တန်းကစားသမား ဖာဒီနန်အား အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ကမ်းလှမ်းခဲ့ပြီးနောက် ဂျွန်တယ်ရီသည် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ပေးခဲ့ရသည်။

တိုက်စစ်မှူး ရော်ဘင်ဟို စတင်ဂိုးသွင်းပြီ

ရော်ဘင်ဟိုသည် မန်စီးတီးမှ ဘရာဇီးကလပ် ဆန်းတို့စ်သို့ ပြန်လာပြီးနောက် ဖေဖော်ဝါရီ ၇ရက်က ပြိုင်ပွဲတွင် အရန်ခုံမှဝင်ကစားပြီး ပထမဆုံး အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

ကမ္ဘာကျော်ပီလီ၏သား ဘောလုံးလေ့ကျင့်ပြီ

အသက် ၁၃နှစ်ရှိ ဂန္ထဝင်ဘောလုံးသမားကြီး ပီလီ၏သား ဂျိုရှုယာသည် ဘရာဇီးကလပ် ဆန်းတို့စ်နှင့် စတင်လေ့ကျင့်နေပြီဖြစ်သည်။ ယင်းကလပ်မှာ ၎င်း၏ဖခင် ပီလီ၏ အသင်းဟောင်းလည်းဖြစ်သည်။

ဝီဂန်နောက်တန်းလူ အသင်းမှ စာချုပ်ပယ်ဖျက်

ဝီဂန်နောက်တန်းကစားသမား အဲရစ်အက်တမန်သည် အသင်းစာချုပ် ဖျက်သိမ်းလိုက်ပြီးနောက် ၎င်းအသင်းမှ ထွက်ခွာသွားသည်။ အသက် (၃၁)နှစ်ရှိ အက်တမန်သည် ပြင်သစ်ကလပ် ရင်းနက်အသင်းမှ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ပေါင် ၅၀၀၀၀၀ဖြင့် ဝီဂန်သို့ ပြောင်းရွှေ့လာသူဖြစ်သည်။

ဆန်းဒါးလန်း ကွင်းလယ်ကစားသမား အနားယူရဖွယ်

ဆန်းဒါးလန်းကွင်းလယ်ကစားသမား ဟန်ဒါဆင်သည် ဝီဂန်နှင့် ကစားသည့်ပွဲတွင် ဒဏ်ရာရခဲ့သဖြင့် ခြောက်ပတ်ကြာအနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ထုတ်ဖော်ပြောကြားသည်။

ဖက်ဒရေးရှင်းချန်ပီယံ ရုရှားအကြိုဗိုလ်လုမည်

ဖက်ဒရေးရှင်းလေးကြိမ်ချန်ပီယံ ရုရှားသည် ဘဲလ်ဂရိတ်၌ ကျင်းပသော ဖက်ဒရေးရှင်းချန်ပီယံတင်းနစ်ပြိုင်ပွဲတွင် ဆားဗီးယားကို သုံးပွဲ-နှစ်ပွဲဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ရုရှားအသင်းသည် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်ကို အနိုင်ရခဲ့သော အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ချန်ပီယံခါးပတ် ဂျူဆင်ဘွတ်ကာကွယ်

ဂျူဆင်ဘွတ်သည် နော့တင်ဟမ်၌ကျင်းပသော ဗြိတိသျှစူပါဘင်တမ်း ဝိတ်တန်း ပြိုင်ပွဲတွင် မက်သရူးမက်ချ်အားအလဲထိုးပြီး ၎င်း၏ ချန်ပီယံခါးပတ်ကို ကာကွယ်လိုက်နိုင်သည်။

၂၀၁၂ ယူရို ခြေစစ်ပွဲစဉ်များထုတ်ပြန် အင်္ဂလန်နှင့်ဝေလတစ်အုပ်စုတည်းကျနေ

လန်ဒန် ဖေဖော်ဝါရီ ၈

ပိုလန်နှင့် ယူကရိန်းနိုင်ငံတို့၌ ကျင်းပမည့် ၂၀၁၂ခုနှစ် ယူရိုဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲများ ကစားမည်ဖြစ်ရာ အင်္ဂလန်က ဝေလအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

အင်္ဂလန်နှင့်အတူ ဆွစ်ဇာလန်၊ ဘူလ်ဂေးရီးယားတို့သည် အုပ်စု(ဆ)တွင် ပါဝင်သည်။ စကော့တလန်က လက်ရှိချန်ပီယံ စပိန်နှင့်ကစားရမည်ဖြစ်သည်။ ယင်းအုပ်စုတွင် ချက်၊ မြောက်အိုင်ယာလန်နှင့် အီတလီအသင်းများ ပါဝင်သည်။

အဆိုပါ ယူရို ၂၀၁၂ခြေစစ်ပွဲများကို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ပိုလန်နှင့် ယူကရိန်းနိုင်ငံတို့ရှိ အားကစားကွင်း ၁၄ နေရာ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကို ဇွန် ၈ရက်မှ ဇူလိုင် ၁ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိမိ၏ အင်္ဂလန်အသင်းသည် အုပ်စုအတွင်း အတောင့်တင်းဆုံး နှစ်သင်းတွင် တစ်သင်းပါဝင်ကြောင်း၊ သို့သော်လည်း ဆွစ်ဇာလန်နှင့် မွန်တီနီဂရိုးအသင်းများကိုလည်း လျှော့တွက်၍ မဖြစ်ကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက ပြောကြားသည်။

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ထားသော ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့အဆင့်၁၈ရှိပြီး ဘူလ်ဂေးရီးယားက အဆင့် ၃၀ရှိသည်။ မွန်တီနီဂရိုးအသင်းမှာလည်း ကမ္ဘာ့အဆင့် ၇၂ရှိသော အသင်းဖြစ်သည်။

ယူရို ၂၀၁၂ ခြေစစ်ပွဲအုပ်စုများ

(က) အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ တူရကီ၊ ဂျာမနီ။

(ခ) အင်ဒိုရာ၊ အာမေးနီးယား၊ မက်ဆီဒိုးနီးယား၊ အိုင်ယာလန်၊ ဆလိုဗက်ကီးယား၊ ရုရှား။

(ဂ) ဖာရိုကျွန်းစု၊ အက်စ်တိုးနီးယား၊ ဆလိုဗေးနီးယား၊ မြောက်အိုင်ယာလန်၊ ဆားဗီးယား၊ အီတလီ။

(ဃ) လူဇင်ဘတ်၊ အယ်လ်ဘေးနီးယား၊ ဘီလာရုစ်၊ ဘော့စနီးယား၊ ရိုမေးနီးယား၊ ပြင်သစ်။

(င) ဆန်မာရီနို၊ မော်ဒိုဗာ၊ ဟန်ဂေရီ၊ ဖင်လန်၊ ဆွီဒင်၊ နယ်သာလန်။

(စ) မော်လ်တာ၊ ဂျော်ဂျီယာ၊ လတ်ဗီးယား၊ အစ္စရေး၊ ဂရိ၊ ခရိုအေးရှား။

(ဆ) မွန်တီနီဂရိုး၊ ဝေလ၊ ဘူလ်ဂေးရီးယား၊ ဆွစ်ဇာလန်၊ အင်္ဂလန်။

(ဇ) အိုင်ယာလန်၊ ဆိုက်ပရပ်(စ်)၊ နော်ဝေ၊ ဒိန်းမတ်၊ ပေါ်တူဂီ။

(ဈ) လက်ချင်စတိန်း၊ လစ်သူယေးနီးယား၊စကော့တလန်၊ ချက်၊ စပိန်။

(အင်တာနက်)

ဒူဘိုင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဂျင်မီနက် ဖလားဆွတ်ခူး

ဒူဘိုင်း ဖေဖော်ဝါရီ ၈

စပိန်နိုင်ငံမှ ဂေါက်သီးအကျော်အမော် မီဂဲလ် အိန်ဂျယ်ဂျင်မီနက်သည် ဒူဘိုင်းဒီဆက်ကလပ်ဆစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၁ချက် လျှော့ရိုက်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးသွားသည်။

၁၆လုံးမြောက်

ဂျင်မီနက်နှင့် အင်္ဂလန် ဂေါက်သီးကစားသမားလီဝက်စ်ဝုဒ်တို့သည် နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက် လျှော့ရိုက်နိုင်မှု တူညီနေကြသဖြင့် ကျင်းပိုကစားကြပြီး ဂျင်မီနက်က ဆုဖလားဆွတ်ခူးခဲ့သည်။ ယင်းဖလားသည် ဂျင်မီနက်၏ ၁၆လုံးမြောက် ဥရောပတိုးဖလားဖြစ်သည်။

(အင်တာနက်)

ခက်ခဲသောသီတင်းပတ်ကို ချယ်လ်ဆီး ကျော်လွှားနိုင်ခဲ့ပြီ တိုက်စစ်မှူးဒရော့ဘာပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၈

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် သီတင်းပတ်က ဂျွန်တယ်ရီ၏ လူမှုရေး ကိစ္စများ အပါအဝင် ခက်ခဲသောသီတင်းပတ်ဖြစ်ခဲ့ကြောင်း၊ ယင်းမှာ အာဆင်နယ်ကို အနိုင်ရပြီး အဆုံးသတ်သွားပြီဖြစ်ကြောင်း တိုက်စစ်မှူး ဒရော့ဘာက ဝန်ခံပြောကြားသည်။

တောင်းဆို

တိုက်စစ်မှူး ဒရော့ဘာသည် အာဆင်နယ်နှင့်ပွဲတွင် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့သည်။ သို့သော် အသင်းခေါင်းဆောင် ဂျွန်တယ်ရီအား ထောက်ခံအားပေးကြရန် ပရိသတ်အား အိုင်ဗရီကို့စ်တိုက်စစ်မှူးက မေတ္တာရပ်ခံလိုက်သည်။

အသက် ၂၉နှစ်ရှိ ဂျွန်တယ်ရီသည် ကစားဖော်ဟောင်း ဝိန်းဘရစ်၏ ချစ်သူနှင့် ပတ်သက်ခဲ့ခြင်းအပေါ် ပရိသတ်ထောက်ခံမှုကျဆင်းခဲ့ရသည်။ (အင်တာနက်)

ရော်ဘင်ဟို ပြန်အလာကို နည်းပြမန်စီနီစောင့်နေမည်

လန်ဒန် ဖေဖော်ဝါရီ ၈

တိုက်စစ်မှူး ရော်ဘင်ဟိုသည် မန်စီးတီးမှ ဘရာဇီးကလပ် ဆန်တို့စ်သို့ ခြောက်လကြာ အငှားသွားရောက် ကစားလျက်ရှိသည်။ ၎င်းအနေဖြင့် အငှားသွားရောက်ကစားရသော်လည်း ဘရာဇီး၌ ရေရှည် နေထိုင်ကစားသွားရန် ဆန္ဒရှိနေသည်။

တိုက်စစ်မှူး ရော်ဘင်ဟိုအား ကမ္ဘာ့ဖလားပြီးနောက် မန်ချက်စတာမြို့သို့ ပြန်အလာကို စောင့်မျှော်နေမည်ဖြစ်ကြောင်း နည်းပြမန်စီနီက ပြောကြားသည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ကစားသမားသစ်ခေါ်ယူမှု ချယ်လ်ဆီးကို ပိတ်ပင်ခဲ့မှုရုပ်သိမ်း

လန်ဒန် ဖေဖော်ဝါရီ ၈

ချယ်လ်ဆီးအသင်းအား လင်းစ် အသင်းမှ တိုက်စစ်မှူးကာကူတာကို ခေါ်ယူခဲ့ခြင်းအပေါ် ပိတ်ပင်အရေးယူခဲ့ခြင်းမှာ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဖီဖာက ကြေညာသည်။

ပိတ်ပင်ထား

ချယ်လ်ဆီးအသင်းသည် လင်းစ် အသင်းနှင့် စာချုပ်ထားသော အသက် ၁၈နှစ်ရှိ တိုက်စစ်မှူး ကာကူတာအား နှစ်ဖက်သဘောတူညီမှုမရဘဲ ခေါ်ယူခဲ့ခြင်းအပေါ် အပြစ်ပေးသည့် အနေဖြင့် ပြီးခဲ့သည့် စက်တင်ဘာလမှစ၍ ၂၀၁၁ ခုနှစ်အထိ ကစားသမားအသစ်ခေါ်ယူမှု ပိတ်ပင်ထားခဲ့သည်။

ပြင်သစ်ကလပ် လင်းစ်အား ချယ်လ်ဆီးက အဆိုပါကစားသမားကို ပြုစုပျိုးထောင်ပေးခဲ့သည့် စရိတ်ကုန်ကျငွေ ပေါင် ၁၁၃၀၀၀ လျော်ကြေးပေးရန် သဘောတူညီခဲ့ပြီးနောက် ပိတ်ပင်ထားမှုကို ရုပ်သိမ်းပေးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

9-2 (11).pmd 1 2/9/2010, 2:18 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)- PGDMA
အမှတ်စဉ်(၁၁) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင်ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး) သင်တန်း Postgraduate Diploma in Multi-media Arts (Education)-PGDMA အမှတ်စဉ်(၁၁)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ သချာ်၊ ရူပ၊ ဓာတုဘွဲ့ရရှိပြီးသူများ၊ အင်္ဂလိပ်စာဘွဲ့ရသူများ ဖြစ်ရမည်။ ဘွဲ့တစ်ခုခုရရှိပြီး အခြေခံပညာကျောင်းများတွင် မာလ်တီမီဒီယာစာသင်ခန်းကို တာဝန်ခံ၍ဆောင်ရွက်နေသူများလည်း လျှောက်ထားနိုင်သည်။

(ဂ) ၂၀၁၀ခုနှစ် ဇွန်လ၁၀ရက်တွင် အသက် ၂၅နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၃၀ထက်မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ)တို့တွင် တက်ရောက်နိုင်သည်။

(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ သို့မဟုတ် ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူတို့ကိုပူးတွဲတင်ပြရမည်။

(စ) သင်တန်းကာလမှာ ၂၀၁၀ခုနှစ် ဇွန်လ ၁၀ရက်မှ ၂၀၁၁ခုနှစ် ဧပြီလဆန်းပိုင်းအထိ ဖြစ်ပါသည်။

၃။ သင်တန်းတက်ရောက်အောင်မြင်သူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြအဖြစ်ခန့်အပ်ပြီး လုပ်သက်ပြည့်မီချိန်တွင် ပညာရေးဘွဲ့ (B.Ed) သင်တန်းသို့ သင်တန်းဝင်ခွင့် အစီအစဉ်အရ တက်ရောက်ခွင့်ပြုမည်။

၄။ လျှောက်ထားသူသည် ပြည်နယ်၊တိုင်းပညာရေးမှူးရုံးများ (တွဲဖက်ပြည်နယ်၊ တိုင်းခွဲအပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနသို့လည်းကောင်း၊ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်များမှလျှောက်ထားသူများသည် ရန်ကင်းပညာရေးကောလိပ်နှင့် မန္တလေးပညာရေးကောလိပ်တို့သို့လည်းကောင်း လျှောက်လွှာနှင့် အထောက်အထားစာရွက်စာတမ်းများကို ပေးပို့လျှောက်ထားနိုင်သည်။

၅။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့်ရုံး၊ ဌာနဆိုင်ရာ အကြီးအကဲ၏ **'ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာ'** ကိုပူးတွဲ၍ သက်ဆိုင်ရာပြည်နယ်၊တိုင်း ပညာရေးမှူးရုံးများသို့ အချိန်မီလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနများသို့ တိုက်ရိုက်လျှောက်ထားမှုမပြုရပါ။

၆။ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရေးဖြေစာမေးပွဲများကို ၂၀၁၀ခုနှစ် မတ်လ ၂၅ရက်တွင်လည်းကောင်း၊ လူတွေ့နှုတ်ဖြေကို ဧပြီလ ၂ ရက်တွင်လည်းကောင်း၊ သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှလျှောက်ထားသူများသည် သက်ဆိုင်ရာပြည်နယ်၊ တိုင်း ပညာရေးမှူးရုံးသို့ ငါးရက်ကြိုတင်၍ သတင်းပေးပို့ရပါမည်။

၇။ လူတွေ့နှုတ်ဖြေစစ်ဆေးခံရမည့်သူများသည် ဘွဲ့လက်မှတ်မူရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းတို့ကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသောလျှောက်လွှာသုံးစုံတွင် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ပါဓာတ်ပုံတစ်ပုံနှင့် မျက်မှန်မပါ ဓာတ်ပုံတစ်ပုံ)တို့ကိုကပ်၍ ပူးတွဲရမည့်အထောက်အထားများနှင့်အတူ ၂၀၁၀ခုနှစ် မတ်လ ၅ရက်ထက် နောက်မကျစေဘဲ လျှောက်လွှာတင်သွင်းရမည်။

ရက်စွဲ။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

၂၀၁၀-၂၀၁၁ ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-Media Arts (Education)-PGDMA
အမှတ်စဉ်(၁၁)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ **လျှောက်ထားသူ၏အကြောင်းအရာ-**

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ----------ခုနှစ်----------လ------------------------ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန--------------------------------------
ခုနှစ် ---------- မြို့နယ်၊ -------------ပြည်နယ်/တိုင်း------------------------

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ --
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ်--

၅။ အိမ်ထောင်ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည် ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်--

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ--

၇။ အလယ်တန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ ရက် **(လျှောက်ထားသူလက်မှတ်)**

တစ်ဦးတည်းဖြစ်ကြောင်း

တိုက်(၁/၃၁၂) ဝေဇယန္တာအိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ၁၂/သဃက(နိုင်) ၁၅၉၅၉၃ ကိုင်ဆောင်သူ မောင်ဒီဖုန်မော်နှင့် မောင်ဒခွမ်ဖုန်မော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၁၂/သဃက(နိုင်) ၁၅၉၅၉၁ ကိုင်ဆောင်သူ မောင်ဒီဒီးမော်ရမ်နှင့်မောင်ဒခွမ်ဒီးမော်ရမ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း အမှတ် ၂၉၁(A)နေ ဦးထင်အောင်ကျော်- ဒေါက်တာပပဝါမိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရား မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ အာဟာရသုံးဆောင်ရန်အတွက် ဆန်အိတ် ၃၀ လှူဒါန်းရာ အလှူရှင်ကိုယ်စား ကိုမောင်မောင်ကျော်နှင့် ကိုကျော်ဆန်းလွင်တို့က လှူဒါန်းပြီး ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြသိန်း လက်ခံယူကာ ဂုဏ်ပြုလွှာများပေးအပ်စဉ်။ (၁၀၅)

ပင်လည်ဘူးမြို့နယ် ကညင်ကုန်းကျေးရွာ ဓာတ်နန်းစာကြည့်တိုက်အဆောက်အအုံဖွင့်

ပင်လည်ဘူး ဖေဖော်ဝါရီ ၈

ကသာခရိုင် ပင်လည်ဘူးမြို့နယ် နမ္မားအုပ်စု ကညင်ကုန်းကျေးရွာ၌ ဓာတ်နန်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ရက် နံနက်၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မင်းထွေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ဝင်းကို၊ ကျေးရွာ ဥက္ကဋ္ဌဦးမောင်ဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မင်းထွေးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက ကျေးရွာစာကြည့်တိုက်များရှင်သန်ခိုင်မာရေးနှင့် အနာဂတ်နိုင်ငံတော်တွင် ပြည်သူများ၏အခန်းကဏ္ဍအကြောင်း ဟောပြောဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ မတည်လှူဒါန်းငွေကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးမောင်ဖေက လက်ခံသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပန်လုံကျေးရွာ ဒေသခံတိုင်းရင်းသား ၂၅၂ဦးအတွက် နေ့ချင်းပြီး ဆောင်ရွက်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်ပြုစု

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးတင့် ဇန်နဝါရီ ၁၅ရက်က အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ ပျိုးထုပ်ထုပ်ခြင်းနှင့် ပေါင်းပင်များ ရှင်းလင်းဖယ်ရှားခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျော့သောင်းခရိုင်ပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျော့သောင်း ဖေဖော်ဝါရီ ၈

တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ထွန်းသည် ဒီဇင်ဘာ ၃၁ရက်က ကျော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသီရှိန်နှင့် မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ ၂၀၀၉-၂၀၁၀ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၁၀ခုနှစ် လုပ်ငန်းများဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးပြောကြားကာ မြို့နယ်ဦးစီးမှူးက ၂၀၁၀ခုနှစ် လုပ်ငန်းလျာထားချက်များကို မြို့နယ်တစ်ခုချင်းအလိုက် တင်ပြဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် တောင်မြို့ရိုးလမ်း ကွန်ကရစ်တံတားပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကလေးဝမြို့နယ် နန်းဇလိန်းကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်

ကလေးဝ ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် နန်းဇလိန်းကျေးရွာ၌ အလှူရှင် ဦးကံဝင်း-ဒေါ်ငွေငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့သော မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ မူလတန်းကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စောတင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

မိုး
အစဉ်သတိပြု

ဒေးဒရဲ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်ကို အမှုဆောင်အရာရှိဦးအောင်ဇော်လင်း ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွှန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ထူးချွန်သောရူပဗေဒပညာရှင် ဂျိုးဇက်ဂျွန်ဆွန်မဆင်

၁၈-၁၂-၁၈၅၆ မှ ၃၀-၈-၁၉၄၀

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

ဂျိုးဇက်ဂျွန်ဆွန်မဆင်သည် ဗြိတိန် ရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်။ သူသည် ကင်းဘရစ်ချ်တက္ကသိုလ် ကယ်ဗင်ဒစ် လက်တွေ့စမ်းသပ်ခန်းတွင် အလွတ်ဖန်ချောင်းများအတွင်းမှ လျှပ်စစ်စီးကြောင်းများကိုလေ့လာစူးစမ်းသည်။ ကက်သုတ်ရောင်ခြည်ဟူသောရောင်ခြည်များ၏ အချိန်ရှည်ကြာစွာမရှင်းမလင်းဖြစ်နေသည့် သဘာဝကို ဖော်ထုတ်ရန်ကြိုးပမ်းသည်။

ကင်းဘရစ်ချ်တက္ကသိုလ်တွင် ဂျေဂျေဆွန်မဆင်နှင့် ကျောင်းသားများကို တွေ့ရစဉ်။

ထုတ်ပြန်ကြေညာ

ယင်းရောင်ခြည်များမှာ အဏုမြူထက်များစွာသေးငယ်သော အမှုန်များ၏ စီးကြောင်းများဖြစ်ကြောင်း သူလေ့လာသိရှိသည်။ ၎င်းတို့မှာအခြားမဟုတ်ဘဲ အဏုမြူများ၏မှုန်မွှားသောအစိတ်အပိုင်းများသာဖြစ်ကြောင်း၊ ဤအမှုန်များကို သူကကော်ပတ်ကယ်များဟုအမည်ပေးလိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဖွဲ့စည်းထား

အဏုမြူကိုခွဲခြမ်းမရဟု လူအများယူဆစဉ် သူက အဏုမြူအတွင်း၌ ယင်းအမှုန်တို့ရှိကြောင်း စတင်စဉ်းစားကြေညာလိုက်ခြင်းဖြစ်သည်။ ယခုအခါ အဏုမြူတွင် အခြားအမှုန်များပါဝင်ဖွဲ့စည်းထားကြောင်း သိရှိနေပြီဖြစ်သည်။ ကက်သုတ်ရောင်ခြည်များသည် အဏုမြူများ၏ရုပ်ဝတ္ထုဖွဲ့စည်းမှုတွင်ပါဝင်ကြောင်း ဂျိုးဇက်ဂျွန်ဆွန်မဆင်၏ အခိုင်အမာထုတ်ဖော်ကြေညာမှုမှာ လက်စသတ်တော့ မှန်ကန်ကြောင်းတွေ့ရပြီဖြစ်သည်။ ထိုရောင်ခြည်များကို အဏုမြူတွင်ပါဝင်သည့် သေးငယ်သောအီလက်ထရွန်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

စမ်းသပ်အောင်မြင်

အီလက်ထရွန်အပေါ်အခြေခံထားသည့် ခေတ်သစ်သဘောတရားများနှင့် နည်းပညာများကြောင့် တယ်လီဗီးရှင်းနှင့် ကွန်ပျူတာများအထိ တက်လှမ်းနိုင်ကြခြင်းဖြစ်သည်။ တကယ်တော့ ဤအဆင့်ရောက်အောင် ဂျေဂျေဆွန်မဆင်မှအစ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်နှင့်တကွ ကမ္ဘာတစ်ဝန်းမှပညာရှင်များက ခက်ခဲစွာအဆင့်ဆင့်စမ်းသပ်အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထိုထိုသော သိပ္ပံပညာရှင်များသည် အဏုမြူ၏အတွင်းပိုင်းကိုသိရှိနားလည်ကာ လူ့အကျိုးပြုနည်းလမ်းများ ရရှိလာခြင်းဖြစ်ပါ၏။

ဂျိုးဇက်ဂျွန်ဆွန်မဆင်ကို အင်္ဂလန်ရှိ မန်ချက်စတာမြို့အနီးတွင် ၁၈၅၆ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် မွေးဖွားသည်။ သူ့အသက် ၁၆နှစ်အရွယ်တွင် သူ၏ဖခင်ကွယ်လွန်သည်။ သူသည် မန်ချက်စတာမှ အိုဝင်းကောလိပ်သို့တက်ရောက်ပြီး ထရီနစ်တီကောလိပ်သို့ ပညာသင်ဆုလျှောက်ထားရရှိသည်။ ကင်းဘရစ်ချ်တက္ကသိုလ်၏ဂုဏ်သိက္ခာအမြင့်ဆုံး ကောလိပ်ကျောင်းတစ်ကျောင်းဖြစ်သည့် ထရီနစ်တီကောလိပ်၏ အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် သူတာဝန်ထမ်းဆောင်ရသည်။



ကက်သုတ်ရောင်ခြည် ဖန်ပြွန်ကို တွေ့ရစဉ်။

တတိယမြောက်

ထို့နောက် ကင်းဘရစ်ချ်တက္ကသိုလ် ကယ်ဗင်ဒစ်လက်တွေ့စမ်းသပ်ခန်း၏ တတိယမြောက် ပါမောက္ခဖြစ်လာသည်။ ၁၈၉၀ပြည့်နှစ် ဇန်နဝါရီ ၂၂ရက်တွင် ဘွဲ့လွန်ကျောင်းသူ ရို့စ်ပက်ဂက်နှင့်လက်ထပ်သည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားသည်။ သားဖြစ်သူ ဂျော့ပက်ဂက်ဆွန်မဆင်မှာလည်း ထင်ရှားသည့် ရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်။

လမ်းညွှန်ကူညီ

သူသည် ၁၉၄၀ပြည့်နှစ် ဩဂုတ် ၃၀ရက် မကွယ်လွန်မီအထိ ထရီနစ်တီကောလိပ်ကို ဘဏ်အားအပြည့် စေတနာအပြည့်ဖြင့် လမ်းညွှန်ကူညီပေးခဲ့သည်။ ။

ကိုးကား-အင်တာနက်

> **ကက်သုတ်ရောင်ခြည်များသည် အဏုမြူများ၏ ရုပ်ဝတ္ထုဖွဲ့စည်းမှုတွင် ပါဝင်ကြောင်း ဂျိုးဇက်ဂျွန်ဆွန်မဆင်၏ အခိုင်အမာ ထုတ်ဖော်ကြေညာမှုမှာ လက်စသတ်တော့ မှန်ကန်ကြောင်းတွေ့ရပြီဖြစ်သည်။**

ဘဝအမောပြေ

မိန်းမဆိုသည်မှာ....

ဇနီးမောင်နှံနှစ်ဦးတို့ စူပါကွန်ပျူတာထံသို့သွားရောက်ကာ မိမိတို့၏ဆန္ဒများကို တောင်းဆိုကြသည်။

စူပါကွန်ပျူတာ ။ ။ ဇနီးမောင်နှံနှစ်ဦး ကြိုက်ရာဆန္ဒသုံးမျိုး အဆိုပြုနိုင်တယ်။

ဇနီးမောင်နှံ ။ ။ ကောင်းပါပြီ။

စူပါကွန်ပျူတာ ။ ။ ခင်ပွန်းဖြစ်သူက အိမ်ထောင်ဦးစီးဖြစ်တော့ လိုအင်ဆန္ဒနှစ်မျိုး တောင်းဆိုနိုင်ပါတယ်။ ဇနီးဖြစ်သူက မှီခိုဖြစ်တဲ့အတွက် လိုအင်ဆန္ဒတစ်မျိုးသာ ဆုတောင်းနိုင်ပါတယ်။

ဇနီးမောင်နှံ ။ ။ ကောင်းပါပြီ။

စူပါကွန်ပျူတာ ။ ။ ကဲ... ခင်ပွန်းဖြစ်သူ စပြောပါ။

ခင်ပွန်း ။ ။ ဒေါ်လာသန်း ၁၀၀ လိုချင်ပါတယ်။

စူပါကွန်ပျူတာ ။ ။ ခင်ဗျားဘဏ်စာရင်းထဲ ထည့်လိုက်ပြီ။ နောက်ဆန္ဒတစ်ခု ပြောပါ။

ခင်ပွန်း ။ ။ အမျိုးသမီး ငယ်ငယ်ချောချောနှစ်ဦး အလိုရှိပါတယ်။

စူပါကွန်ပျူတာ ။ ။ အိမ်ရောက်နေပါပြီ။

ခင်ပွန်း ။ ။ ဟေး... ပျော်လိုက်တာ

စူပါကွန်ပျူတာ ။ ။ အမျိုးသမီးရဲ့ဆန္ဒပြောပါ။

ဇနီးသည် ။ ။ ကျွန်မခင်ပွန်းရဲ့ အသက်ရှင်ခွင့်ကို အခုချက်ချင်း ရုပ်ဆိုင်းပေးပါ။

စူပါကွန်ပျူတာ ။ ။ ပြည့်စေ....။

ခင်ပွန်း ။ ။ 'ဘာ'

ဘဝဒဿန

- ***One optimist may wield more constructive influence than a thousand pessimists.***
  အကောင်းမြင်ဝါဒီတစ်ယောက်သည် အဆိုးမြင်ဝါဒီအယောက် ၁၀၀၀ထက် အပြုသဘောဆောင်သည့် ဩဇာတိက္ကမဖြင့် ပို၍လွှမ်းမိုးနိုင်စွမ်းရှိ၏။
- ***All enduring success is founded upon harmonious human relationships.***
  တည်တံ့ခိုင်မြဲသော အောင်မြင်မှုအားလုံးသည် သဟဇာတဖြစ်သော လူသားအချင်းချင်း ဆက်ဆံရေးပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။

နပိုလီယံဟီးလ်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊

အေးသန္တာသိန်းနှင့် မြကေခိုင်စိုး

ကမ္ဘာ့အကြီးဆုံး အရာဝတ္ထုများ

စုစည်းရေးသားသူ - မောင်မောင်ဆွေ ၊ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင်(မြန်မာ့အလင်း)

ကမ္ဘာ့အကြီးဆုံး ပုဆိန်ကြီး

ကမ္ဘာ့အကြီးဆုံးပုဆိန်ကြီးကို စိန့်ဂျွန်မြစ်ကမ်းနဖူးတွင် တွေ့ရှိနိုင်သည်။ ယင်းပုဆိန်ကြီးသည် သစ်တောလုပ်ငန်း၏ အရေးပါပုံကိုသတိရစေသည်။ ထိုပုဆိန်ကြီးကို ကနေဒါနိုင်ငံ နယူးဘရွန်ဆွစ်ပြည်နယ် နက်ကာဝိခ်မြို့အနီး၌ထားရှိသည်။ (အပေါ်ပုံ)

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ပြဒါးတိုင်

ကမ္ဘာ့အကြီးဆုံးသာမိုမီတာ (ပြဒါးတိုင်၊ အပူချိန်တိုင်းကိရိယာ)ကို ဘေကာစီအေမြို့တွင် တွေ့ရှိရသည်။ **(အောက်ပုံ)** ဘေကာစီအေသည် အမေရိကတွင်ပူပြင်းပြီး စွတ်စိုထိုင်းမှိုင်းသောမြို့ဖြစ်သည်။ စီးပွားရေးသမားတစ်ဦးက ယခုကဲ့သို့ စိတ်ကူးကို အကောင်အထည်ဖော် ပြုလုပ်ထားခြင်းဖြစ်သည်။

(အင်တာနက်)



ကမ္ဘာ့အကြီးဆုံး မြည်းရုပ်တု

ပင်နီဆီဗေးနီးယားပြည်နယ် ဖီလာဒယ်ဖီးယားတွင် အလျား ၂၈ဒသမ၅မီတာရှိပြီး အကျယ် ၇ဒသမ၂မီတာရှိကာ အမြင့်၁၈မီတာရှိသည့် ကမ္ဘာပေါ်၌ အကြီးဆုံး ဧရာမမြည်းပုံစံ ရုပ်တုတစ်ခုကို အနီးကပ်တွေ့နိုင်သည်။ ယင်းမြည်းရုပ်တုကို ချောကလက်ပေါင်၈၀၀၀(၃၆၂၈ကီလိုဂရမ်)ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။(အပေါ်ပုံ) (အင်တာနက်)

ဘက်စုံပညာရေးနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲ မင်္ဂလာဒုံမြို့နယ် အထက(၁)၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

အမှတ်(၃)အခြေခံပညာဦးစီးဌာန မင်္ဂလာဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ ဖေဖော်ဝါရီ ၆ရက် နံနက်၉နာရီက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ်ဘက်စုံထူးချွန်ဆု ပေးအပ်ပွဲကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးအောင်စိုးက အမှာစကားပြောကြားပြီးနောက် ဦးစိုးမြင့်၊ ဒေါ်ခင်လေးရီ (နယူးရွှေစင်စိန်ရွှေရတနာဆိုင်မိသားစု၊ မင်္ဂလာဒုံဈေး)က ဘက်စုံပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ် ၅၇၀၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံယူသည်။ **(အောက်ပုံ)**

လှူဒါန်း

မင်္ဂလာဒုံမြို့နယ်တွင် ဘက်စုံပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ယခင်က အလှူငွေများ ပေးအပ်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်ပညာရေးမှူးရုံး၊ အထက(၁)၊ အထက(၃)၊ အထက(၅)၊ အမက(၁)၊ အမက(၄)နှင့် မင်္ဂလာဒုံဈေးသူဈေးသားများ သောက်သုံးရေရရှိရေးအပြင် အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေစုစုပေါင်း ငွေကျပ် ၃၁၅၀၀၀၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။ **(ပညာရေး)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို ပေါင်မြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ပေါင် ဖေဖော်ဝါရီ ၂

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ရဲပြာကုန်းကျေးရွာ ပညာတံခွန်-၆ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ သထုံခရိုင်ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်နှင့် ကျေးရွာစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ကျေးရွာစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်ကပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ပေ × အနံ ၁၄ပေ၊ အမြင့် ၁၂ပေရှိ အုတ်ကာအင်္ဂတေခင်းဖြစ်ပြီး ငွေကျပ်၂၅သိန်းဖြင့် ဆောက်လုပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ပုစွန်လုပ်ငန်းရှင်များ ဆွေးနွေးပွဲ ရေးမြို့၌ကျင်းပ

ရေး ဇန်နဝါရီ ၃၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၏ ရေးမြို့နယ်အတွင်းရှိ ကျောက်ပုစွန်လုပ်ငန်းရှင်များအား ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက ကျောက်ပုစွန်မျိုးသုဉ်းမှုကို ကာကွယ်ရန်နှင့် ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ပြီး နိုင်ငံခြားပို့ကုန်အဖြစ် ရှင်သန်တိုးတက်စေရေးတို့ကို အသိပေးဆွေးနွေးသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးဦးဝင်းကြည်က သေးငယ်သောအရွယ်အစားများ ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာကြရန် ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး (ကျောက်တံတား)မှ ကြီးမှူး၍ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ နံရံကပ်စာစောင်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက နံရံကပ်စာစောင်ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲဝင်ကြသည့် မြို့နယ်ရုံး ၁၃ရုံးမှ ဆုရရှိကြသော နံရံကပ်စာစောင်များကို ဆုများချီးမြှင့်ရာ ပထမရရှိသည့် စမ်းချောင်းမြို့နယ်နှင့် ဒဂုံမြို့နယ်ရုံးအတွဲကို ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေကလည်းကောင်း၊ ဒုတိယရရှိသည့် ကျောက်တံတားမြို့နယ်ရုံးကို ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးကလည်းကောင်း၊ တတိယရရှိသည့် အလုံမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်ရုံးအတွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်ကိုတို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ၃၀ရက်က ပုဗ္ဗန်တောင်မြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ ပထမဆုရ မမိုးသီရိမေအား ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

စာကြည့်တိုက်များ စာဌားကတ်စနစ်ကျင့်သုံးရေး ရန်ကင်းမြို့နယ်ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကင်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဌားကတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဇန်နဝါရီ ၂၁ရက် နံနက် ၁၁နာရီက အမှတ်(၁)ရပ်ကွက်ရုံး၌ ကွင်းဆင်း ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြ

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ချက်နှင့် စာကြည့်တိုက်များတွင် စာဌားကတ်စနစ် ကျင့်သုံးရေး၊ စာအုပ်စာစောင်သစ် တိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က စာအုပ်စာစောင်များတိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

မုံရွာမြို့အထက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

မုံရွာမြို့ အထက(၂)ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း၌ ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀နာရီတွင် ကျင်းပပြီး အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂၂ဦးအား ပူဇော်ကန်တော့ကြမည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင် လှူဒါန်းလိုပါက ဦးဝင်းဖေ အထက(၂) ကျောင်းအုပ်ကြီး မုံရွာမြို့ ဖုန်း-၀၇၁-၂၁၁၄၀၊ ဦးကျော်ဌေး ဖုန်း-၀၇၁-၂၁၆၅၅၊ ၀၉-၂၁၃၂၅၆၆၊ ဦးနီ ဖုန်း-၀၇၁-၂၂၇၆၁၊ ဦးဉာဏ်အောင် ဖုန်း-၀၉-၂၀၃၃၂၄၀၊ ဒေါက်တာဉာဏ်လင်း ဖုန်း-၀၇၁-၂၂၀၃၀၊ ဦးမြင့်ဝင်း ဖုန်း-၀၇၁-၂၂၁၃၆၊ ဦးနိုင်ဇော်မျိုး ဖုန်း-၀၇၁-၂၂၅၆၉၊ ၀၉-၂၁၃၀၁၁၀ နှင့် သက်ဆိုင်ရာကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

(၁၃၅)

တွံတေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက်၈နာရီတွင် ဆိပ်ကမ်းလုပ်သားပေါင်းစုံခမ္မာရုံကြီး (ဗိုလ်တထောင်စေတီတော်ရင်ပြင် ဆိပ်ကမ်းမြို့နယ်)တွင်ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် အသင်း၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းလိုသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅နှစ်နှင့်အထက် အသင်းသားများနှင့် အသင်းသားများ၏မိဘများ၊ အသင်းသားများ၏ သားသမီးများမှ ၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ နိုင်ငံတော်အဆင့်စာပေ၊ အားကစား၊ ဂီတ၊ သဘင်တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုချီးမြှင့်နိုင်ရန် အမည်စာရင်းကို ဒေါ်သင်းသင်း ဖုန်း-၅၆၅၈၈၁၊ ဦးကျော်မြင့် ဖုန်း-၅၃၄၁၁၃၊ ဦးလှသိန်း ဖုန်း-၅၇၈၆၇၁၊ ဦးမောင်မောင်အေး ဖုန်း-၃၈၄၂၇၀၊ ၀၉-၅၀၉၄၉၁၁၊ ဒေါ်ကျင်ကျင် ဖုန်း-၃၉၆၃၃၀နှင့် နီးစပ်ရာအမှုဆောင်များထံ သတင်းပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ဂုဏ်ပြုဆုချီးမြှင့်

ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ရက်က အဆိုပါကျောင်း၌ ကျင်းပရာ အတန်းပတ်လည်ပထမဆု၊ ခြောက်ဘာသာဂုဏ်ထူးဆုနှင့် မြို့နယ်ထူးချွန်ဆုလေးဆု စုစုပေါင်းခြောက်ဆုရရှိသော အဋ္ဌမတန်း(က)မှ မောင်ကျော်ဝင်းလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဝဲကြီးဝသံကူကွန်ကရစ်တံတား တည်ဆောက်ရာတွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၁ရက်က ခရိုင်အင်ဂျင်နီယာမှူး ဦးအေးသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးသိန်းဖေမြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

သီရိ အာမခံ စိန်၊ ရွှေ ရတနာဆိုင်
တရုတ်နှစ်သစ်ကူးမင်္ဂလာဆုတောင်း

တရုတ်နှစ်သစ်ကူးအထူးအစီအစဉ်ဖြင့် (DENSITY 17.8) ရှိသော ရွှေထည်ပစ္စည်းများကို ...

THREE FRIENDS CONSTRUCTION CO., LTD.

Thaiply ... Modern Furniture ... (MDF, PLy, Chip, Teak) ... Composite ... Rollershutter ... (Home Renovation) ... Architectural Design ...

UPVC Door & Window (5% - 20% Discount)
Wall Paper (5% - 15% Discount)
Floor ... 12 mm = ကျပ် 180000 , 8 mm = ကျပ် 130000

44A(1) ... ☎ 01- 201478, 294864, 298341, 396683, 397301, 397302.

ဆရာကြီးဦးကြည် သစ္စာဒီပက သာသနာပြန့်ပွားရေးနှင့် မိဘကျေးဇူးဆပ်ပွဲ တရားစခန်းဖွင့်မည်

ဒေးဒရဲမြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စု၊ ဆားအိုးချောင်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း (ဖျာပုံမြို့တစ်ဖက်ကမ်း)တွင် ၂၂-၂-၂၀၁၀ရက်မှ ၂၈-၂-၂၀၁၀ရက်အထိ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော (ဦးကျော်ခင်-ဒေါ်အေးမေ)တို့အား ရည်စူးရည်မှန်းပြီး မိဘကျေးဇူးဆပ်ပွဲ ခုနစ်ရက်တရားစခန်းကို ဆရာကြီးဦးကြည် သစ္စာဒီပက သာသနာပြန့်ပွားရေး အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင် ဆရာကြီးဦးကြည်၏ ဥပနိဿယမှုအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို ဓမ္မကထိက ဘဒ္ဒန္တပညာသီရိ ကျိုက်ထီးရိုးကျောက်ဖြူတောင်ကျောင်း၊ ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ ခြောက်ထပ်ကြီး သဒ္ဓမ္မဝံသကျောင်းနှင့် ဦးခင်မောင်လွင်(ဖျာပုံ) တို့က ဟောပြောပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်မည့် ယောဂီများ ၂၁-၂-၂၀၁၀ရက် ညနေ ၅း၀၀နာရီ အရောက်လာကြရန်။ **အလှူရှင် ဦးစိုးလွင်(ဦးဆောင်သာသနာပြန့်ပွားရေး)-ဒေါ်တင်တင်မြင့် နှင့်ညီမ ဒေါ်မြသီတာမေ၊ ဖုန်း-၅၈၀၅၇၇။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ကာယဉာဏရပ်ကွက် ဂရန်ပေးရေးစီမံချက်ရှိ မြေကွက်အမှတ် (၁/၁၇၉-က) ကာယ(၆)လမ်း တည်နေရာရှိ မြေကွက်ကို ၁၅-၂-၂၀၀၉ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဦးသန်းဝင်း ၁၂/ဒဂန(နိုင်)၀၁၉၄၃၄က တင်ပြလျက် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ လူနေရပ်ကွက်အမှတ်-သဘော်ကျင်း၊ မြေကွက်အမှတ်-က/၇၉ (အလျား ၂၅ပေ× အနံ ပေ ၅၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၇၄ (၈လမ်း၊ သဘော်ကျင်းရပ်ကွက်)ဟုခေါ်တွင်သော တစ်ထပ်အုတ်ညှပ်အိမ်နှင့် အကျိုးခံစားခွင့်အဝဝကို အပြီးဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေနှင့်အိမ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူတို့သည် တိကျခိုင်မာသောစာရွက်စာတမ်း များဖြင့် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးအပိုင် ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးစိုင်းထွန်းအေး B.A., M.A (Philo:)., H.G.P., R.L., BDS
တရားရုံးချုပ်ရှေ့နေ

အိမ်အမှတ်-၁၀၃၊ ပထမထပ်၊ ၉၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ရုံးအမှတ်(၆၂)၊ ပထမထပ်၊ အခန်း(၁၉)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၁၇၈၊ ၀၁-၃၇၂၃၃၀။

ဥတုရာသီ တောကိုမှီ၏

ရွှေဗီမာန် အားတိုးဆေး

သီတဂူဓမ္မသဘင်အထူးတရားပွဲ

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့ဈေး(၁)ရပ်ကွက် ဘုရားကြီးလမ်း ရှမ်းမလေး ကုန်မျိုးစုံစတိုးပိုင်ရှင် ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်းဒါယိကာမ ကွယ်လွန်သူ ကျေးဇူးရှင်မိခင်ကြီးဒေါ်သိန်းရင်၏ တစ်လပြည့် အထိမ်းအမှတ် သီတဂူဓမ္မဒါန အထူးတရားပွဲကို ဘုရားကြီးလမ်း ရှမ်းမလေးကုန်မျိုးစုံစတိုးဆိုင်ရှေ့၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (စနေနေ့)ည သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ (D.Litt-Ph.D)၊ ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့)ည အောင်စကြာဆရာတော် အရှင်စန္ဒသူရိယ၊ ဖေဖော်ဝါရီ ၁၅ရက် (တနင်္လာနေ့)ည ဓမ္မဒူတ ဒေါက်တာအရှင် ပညိဿရ (Ph.D) ဆရာတော်ကြီးများက ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက်မြို့ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ရက်က မြို့မ(၄)လင်းဇင်းရပ်ကွက်ရှိ ရေစက်ရုံ အမှတ် (၅)တွင် လျှပ်စစ်ခါတ်အား ဖူလုံစွာရရှိရေးအတွက် ၁၆၀ ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံးတိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းခွင်သို့ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (၀၈၆)

မြို့ရေပေးရေး ကွင်းဆင်းစစ်ဆေး

ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေမှုအခြေအနေနှင့် ရေစက်ရုံကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မြို့မ(၆) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန်စွမ်းရည်ပြိုင်ပွဲ ပထမဆု၊ ကျောင်းတွင်းအင်္ဂလိပ်စာ ထူးချွန်ပထမဆုနှင့် ဘာသာစုံ ဒုတိယဆုရရှိခဲ့သော အဌမတန်း ကျောင်းသား မောင်မင်းထင်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ပိုင်းစိန်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

သုံးဆယ်မြို့ အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် သုံးဆယ်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် အသက် (၇၈)နှစ် ပြည့်ပြီးသူအသင်းဝင်များအား ပူဇော်ကန်တော့၍ ၂၀၀၈-၂၀၀၉ နှစ်များက တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသူ အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးအပ်မည်ဖြစ်ရာ အသင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ပြီး အသင်းဝင်လိုသည့် သုံးဆယ်မြို့သူ မြို့သားများလည်းတက်ရောက်နိုင်ကြောင်းနှင့် ပညာရည်ချွန်စာရင်းများကို ဖေဖော်ဝါရီ ၁၂ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးတင်လှ (ငြိမ်း) ဖုန်း-၃၇၈၇၂၉၊ အတွင်းရေးမှူး ဦးမောင်နုစ် ဖုန်း-၇၂၈၀၀၅၊ ဘဏ္ဍာရေးမှူး ဒေါ်လှမြင့် ဖုန်း-၅၁၀၃၄၉နှင့် တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အုန်း ဖုန်း-၀၅၅-၃၀၁၃၂တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၁)၏ ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်းနှင့် အလှူရှင်ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ၆ရက်ကကျင်းပရာ သောက်သုံးရေစင် အလှူရှင် ဦးတင်ဌေး-ဒေါ်တင်တင်စိန် မိသားစုအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (၁၃၅)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း
(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ ညီနောင်တွေစု တည်ထောင်ပြု
ပြည်ထောင်စုအားမာန် အမြဲရှင်သန်

❖ တပ်မတော်အစိုးရလက်ထက်
ဘက်စုံဖွံ့ဖြိုး တိုးတက်လာသော
ပြည်ထောင်စုပန်းခင်းကြီးထဲက
သာစွဥ္စာနေ ရာမညမြေ

❖ ပြည်ထောင်စုအား စွမ်းပကားဖြင့်

❖ ပြည်ခွင်သာဖို့ စည်းလုံးစို့

❖ သမိုင်းပေး သင်ခန်းစာ

တက္ကသိုလ် ညိုညိုသန့်၏
ဆောင်းပါး စာ - ၈၊ ၉

မောင်မောင်ထွေး
(သတင်းစဉ်)၏
သတင်းဆောင်းပါး
စာ - ၁၊ ၆၊ ၇၊

မေသက်နွယ်ဦး
(ဆေးဝါးတက္ကသိုလ်)၏
ကဗျာ စာ - ၉

သန်းထွန်းညို၏
ကဗျာ စာ - ၉

ကျော်သူဟိန်း၏
ကာတွန်း စာ - ၉

ထူးခြားသည့် ညအပူချိန်များ
၈-၂-၂၀၁၀

လွိုင်လင်မြို့	-၁	ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၂	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂	ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၂	ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၃	ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၃	ဒီဂရီစင်တီဂရိတ်

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်း (Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိစေရေး သတိပေး နှိုးဆော်အပ်ပါသည်။